မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၂၈)

သိပ္ပဉ္စ ဧတံ မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် ပံ့ပိုးပေးနေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းအညွှန်း

ဆီကြော် စားသုံးမှုများလျှင် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်

ဆီကြော်အစားအစာများနှင့် အသားကြော်များကို တစ်နေ့လျှင် ဂရမ် ၁၅၀ မျှ စားသုံးလေ့ရှိသူများသည် အူမကြီးကင်ဆာဖြစ်ပွားနိုင်မှု ၆၃ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။



အင်တာနက် ကျန်းမာရေး စာ - ၅



အာကာသ၌ အလွန်ထူးဆန်းသော ရောင်စဉ်တန်းများတွေ့ရှိ

လင်းလက်သောရောင်စဉ်များဖြင့် နဂါးငွေ့တန်းသဖွယ် တည်ရှိနေသည့် အဆိုပါထူးဆန်းသောအရာများမှာ ကြယ်တာရာကလေးများ စုဖွဲ့နေသကဲ့သို့ ဖြစ်တည်နေခြင်း ဖြစ်သည်။

အာကာသသိပ္ပံ စာ - ၅

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၈ ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး မြန်မာ့မီးရထား အဓိကအခန်းကဏ္ဍမှ ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွား တိုးပွားစည်ပင်ရေးအတွက် အစီအမံများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးသည် အဓိကကျသော အချက်ဖြစ်ပေသည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွား တိုးတက်ခိုင်မာတောင့်တင်းရေး၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားရေး ရည်မှန်းချက်နှင့်အညီ ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်မြင့် တည်ဆောက်ရာမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ကုန်စည်ပို့ဆောင်ရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေး ပါဝင်စွမ်းဆောင်လျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းပိုမိုကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လူစီးတွဲနှင့်ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာ ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး စသည့်လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ကိုပါ ကြိုးပမ်းဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ကြံခင်း–ပခုက္ကူ ရထားလမ်းပြီးစီးသွားပါက ဧရာဝတီတိုင်း ပုသိမ်မှ မကွေးတိုင်း ပခုက္ကူအထိ တောက်လျှောက်သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမှတစ်ဆင့် ဂန့်ဂေါ၊ ကလေးသို့ပါ သွားရောက်နိုင်မည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဧရာဝတီမြစ်အနောက်ခြမ်းရှိ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း နယ်မြေဒေသမှ ချင်းပြည်နယ်အထိ ဆက်စပ်သွားနိုင်ခြင်းဖြင့် လူမှုစီးပွားအပြင် ပညာ ကျန်းမာကဏ္ဍ၌ပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ရထားလမ်းသစ်များ ဖောက်လုပ်ပြေးဆွဲပေးခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံမှုလွယ်ကူပြီး တိုင်းရင်းသားအချင်းချင်းအကြား စည်းလုံးညီညွတ်မှုခိုင်ကျည်ကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၁)၊ အိမ်တွင်းမှုလက်မှု သင်တန်း(ကြိမ်) အမှတ်စဉ်(၃)နှင့် အိမ်တွင်းမှုလက်မှုသင်တန်း(ဝါး) အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၅ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကားပြောကြားသည်။

ကျိုင်းတုံ

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၄၉)၊ အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၁)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၈)၊ အိမ်တွင်းမှုလက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး တက်ရောက်အမှာစကား ပြောကြားသည်။

ကချင်ပြည်နယ်

အလားတူ ကချင်ပြည်နယ် ဗန်းမော်၊ ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်၊ တာချီလိတ်၊ ကယားပြည်နယ် လွိုင်ကော်၊ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် နာဂဒေသလေရှီး၊ လဟယ်၊ နန်းယွန်းမြို့များရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားများကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးတွင် ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့် သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွား၊အပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက်စရိတ်များနှင့် သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈–၈–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း–၂၅)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း–၅၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	အနုပညာရှင်၏ တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖျူစင်ခြင်းရဲ့နောက်ကွယ်** (အပိုင်း –၁၇)

၂၀၀၈ ခုနှစ် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား၊ အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၈ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ပထမဆုရ သထုံမြို့နယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဖလားဆုချီးမြှင့်စဉ်။ (၀၁၄)

မူလတန်းကျောင်းဆောက်လုပ်ရန်နှင့် ပညာရေးငွေပဒေသာပင်အတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများထံ အလှူရှင် ဦးကျော်ဇေယျ–ဒေါ်နန္ဒာဝေဒီ၊ သား ဘုန်းသစ်ထူး(ဝေဒီဖိနပ်စတိုးမိသားစု)နှင့် Lily (လီလီ) ဖိနပ်ချစ်သူများ စုပေါင်း၍ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ကော့ကနိမ်ကျေးရွာ မူလတန်းကျောင်းဆောက်လုပ်ရန် ငွေကျပ်သိန်း ၇၀နှင့် မိဘမဲ့ကလေးများ ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း၁၂၀ကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ လာရောက်ပေးအပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်

တောင်သာမြို့နယ်အသင်း(မန္တလေး) နာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီတို့ တောင်သာမြို့နယ်အသင်း(မန္တလေး) ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (စက်မှု-၁)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

မန္တလေးတိုင်းအတွင်းရှိ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၃ရက်တွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မန္တလေးတိုင်းနှင့် မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံ၊ မိတ္ထီလာ၊ ညောင်ဦး၊ ပြင်ဦးလွင်နှင့် ရမည်းသင်းခရိုင်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်သူများအတွက် အမျိုးသားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပေါ်ပေါက်လာသောအသင်းကြီးဖြစ်ကြောင်း၊ အသင်းဝင်များက ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓာတ်ကောင်းများဖြင့် ဆက်လက်ပါဝင်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မွန်းလွဲပိုင်းတွင် တောင်သာမြို့နယ်အသင်း (မန္တလေး) နာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့အား အမှူးပြု၍ တောင်သာမြို့နယ်အသင်း (မန္တလေး) အသင်းသား အသင်းသူများက မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများတွင် ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြသော တောင်သာနွယ်ဖွား သံဃာတော် ၂၃၅ပါးတို့အား ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် သကျသီဟဘုရားဝင်း ဂေါပကအဖွဲ့ရုံး၌ တောင်သာမြို့နယ်အသင်း (မန္တလေး)၏ အမှုဆောင် အစည်းအဝေး ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမှတ်နှင့် အလုပ်အမှုဆောင်များက လူမှုရေးကိစ္စရပ်များ ဆောင်ရွက်နေမှု၊ အသင်း၏ ရေရှည်တည်တံ့ရေးနှင့် အသင်းဆောင်ရွက်မှု အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အသင်းနာယက ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ကဏ္ဍအလိုက် လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်သို့ ဖြန့်ဖြူးတင်ပို့မှု၊ လုပ်ငန်းအလိုက် လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

စီမံဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ကဏ္ဍအလိုက် ပေါင်းစပ်စီမံဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

အထက(၅)ဗိုလ်တထောင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၃၁ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တို့က ပခုက္ကူ ရုံးဝန်ထမ်းများအား ပခုက္ကူခရိုင်ရုံး၌ လည်းကောင်း၊ ရေစကြိုမြို့နယ် ရုံးဝန်ထမ်းများအား ရေစကြိုမြို့နယ်ရုံး၌ လည်းကောင်း တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝန်ထမ်းအရည်အသွေးမြင့်မားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၉ ရက်က ပခုက္ကူမြို့နယ်အတွင်းရှိ အိုင်ရှည်ကျေးရွာ၊ အပွမာဒစာကြည့်တိုက်၊ ကျပ်တိုးကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက်၊ ထန်းတပင်ကျေးရွာ ယဉ်ကျေးမှုလူငယ်စာကြည့်တိုက်၊ ကံတော်ကျေးရွာ ဉာဏရောင်ခြည်စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဩဂုတ် ၁၀ ရက်က ရေစကြိုမြို့နယ် ဖုလုံကျေးရွာ ဓာတိဂုဏ်စာကြည့်တိုက်၌ မြို့နယ်နှင့် ကျေးရွာ တာဝန်ရှိသူများ၊ ကျေးရွာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားရေး၊ စာအုပ်အရေအတွက် တိုးပွားရေး၊ ရန်ပုံငွေ ထူထောင်ထားရှိရေးနှင့် ကိုယ်ပိုင်အဆောက်အအုံများ ဖြစ်ပေါ်လာရေးတို့အတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်ပြန်/ဆက်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၁ မြို့နယ်အား ဟွန်းသံကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားရှိရာတွင် အချို့ယာဉ်မောင်းများမှာ အကြောင်းအမျိုးမျိုးပြလျက် ဟွန်းတီးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် ဟွန်းသံကင်းမဲ့ဇုန်အတွင်း မည်သည့်အကြောင်းနှင့်မျှ ဟွန်းမတီးကြရန်နှင့် စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**ဒေဝဒူတသုတ္တန်** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈:၁၅-၂:၁၅	နိဗ္ဗာန်ဆီသို့--အမေးအဖြေများ
၈:၄၅-၂:၄၅	တေးဂီတအစီအစဉ်
၈:၅၀-၂:၅၀	ပြည်တွင်းအနုပညာရေးရာ
၉:၁၅-၃:၁၅	ကျောက်ဆစ်ထွင်းထုပုံဖော်ပြုအနုမြတ်ပညာ
၉:၂၅-၃:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၅-၃:၃၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၉:၅၅-၃:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	လှပခန့်ညားရောင်စုံအမိုးပြား
၁၀:၁၅-၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀-၄:၂၀	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (Cruize In Style)
၁၀:၄၀-၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅-၄:၄၅	တူးမြောင်းများ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	Yangon Panorama (Asia Vertex Pte., Ltd. ၏ ဖွင့်ပွဲအခမ်းအနား)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"ချစ်သလားမမေးနဲ့"**
၁၂:၀၀-၆:၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ယဉ်သူဆွေနှင့် တွေ့ဆုံခြင်း)
၁၂:၂၅-၆:၂၅	တေးဂီတအစီအစဉ်
၁၂:၃၀-၆:၃၀	Activities In The City (Kembangan Radiant Medical & Aesthetic Centre မှ ကျန်းမာရေးဆွေးနွေးပွဲ)
၁၂:၄၀-၆:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂုဏ်ပြုဆုချီးမြှင့်

ကြည့်မြင်တိုင်မြို့နယ် အမက(၆)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၃ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ စတုတ္ထတန်း ထူးချွန်ဆုရ မောင်ထူးထက်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းနွယ်က ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၁၂၃)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၄ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုနာယက ဦးလှဝေနှင့် မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင် ဦးအေးလွင်က အမှာစကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် မြို့နယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ဆွေဆွေဦးတို့က စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အိုဘားမား၏ ပြောင်းလဲမှု အမေရိကန်၏ လိုအပ်ချက်ဖြစ်

ဒီမိုကရက်တစ်ပါတီညီလာခံ စတင်ဖွင့်လှစ်

ဒင်ဗာ ဩဂုတ် ၂၇

ဒီမိုကရက်တစ်ပါတီ ညီလာခံကို ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့၌ ဩဂုတ်၂၅ရက်က စတင်ဖွင့်လှစ်စဉ် ဘားရက်အိုဘားမား (အောက်ယာပုံ) **သမ္မတဖြစ်ရေးထောက်ခံမဲပေးကြရန် ဒီမိုကရက်တစ်ပါတီဝင်များ၊ အမတ်များ၊ ထင်ရှားသည့် ပုဂ္ဂိုလ်များနှင့် မဲဆန္ဒရှင်ပြည်သူများက အသီးသီးသန္နိဋ္ဌာန်ချထားသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။**

လေးရက်ကြာ ညီလာခံနောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ် ၂၈ ရက်တွင် အီလီနွိုက်ပြည်နယ် အထက်လွှတ်တော်အမတ် အိုဘားမားအား ညီလာခံက ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ရွေးချယ်သတ်မှတ်မည်ဖြစ်ရာ ယခုအခါ ပြည်နယ် ၅၀နှင့် ကိုလံဘီယာခရိုင်နှင့်တကွ အမေရိကန်နယ်မြေတို့မှ ကိုယ်စားလှယ်များ၊ ပါတီမှတာဝန်ရှိသူ ၅၀၀၀ခန့်နှင့် နိုင်ငံခြား ဧည့်သည်များ စုရုံးရောက်ရှိနေကြပြီဖြစ်သည်။

အဖွင့်မိန့်ခွန်း

မိမိတို့ ပါတီညီလာခံကျင်းပစဉ် ကာလတွင် မည်သည့်အတွက်ကြောင့် ဘားရက်အိုဘားမားနှင့် ဂျိုးဘိုင်ဒင်တို့နှစ်ဦး အိမ်ဖြူတော်ရောက်သင့်ကြောင်းကို အမေရိကန်ပြည်သူအားလုံးသို့ မိမိတို့ပြသရမည်ဖြစ်ကြောင်း ဒီမိုကရက်တစ် အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဟောင်းဝပ်ဒင်းက ညီလာခံအဖွင့်မိန့်ခွန်းတွင် ပြောကြားလိုက်သည်။

အုပ်ချုပ်ရေးတွင် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းမပေးနိုင်ဘဲ နောက်ထပ်လေးနှစ် မိမိတို့မစောင့်ဆိုင်းနိုင်တော့ကြောင်းကို အမေရိကန်ပြည်သူတို့ သဘောပေါက် နားလည်ကြပါကြောင်း မစ္စတာဟောင်းဝပ်က ထည့်သွင်းပြောကြားသည်။

အရေးပါ

ထို့နောက် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လို့ဆီက ညီလာခံမိန့်ခွန်းပြောကြားရာတွင် မိမိတို့အမေရိကန်နိုင်ငံသည် သမိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဘားရက်အိုဘားမား၏ ပြောင်းလဲမှုမှာ အမေရိကန်နိုင်ငံ၏ လိုအပ်သော အပြောင်းအလဲပင်ဖြစ်ကြောင်း ကောက်ချက်ချ ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကုန်စည်ပြပွဲ

ဂျာမနီနိုင်ငံဘာလင်မြို့၌ကျင်းပသော နိုင်ငံတကာ အီလက်ထရွန်နစ် ကုန်စည် ပြပွဲတွင် ဆမ်ဆောင်း အရောင်းပြခန်း၌ ဆမ်ဆောင်း ရုပ်မြင်သံကြား စက်များ ပြသထားသည်ကို ဩဂုတ်၂၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်ညွန့်ပေါင်းအစိုးရအတွင်းပြန်ဝင်ရန် နဝပ်ရှုရစ်ဖ်အား မစ္စတာဇာဒါရီမေတ္တာရပ်ခံ

အစ္စလမ္မာဘတ် ဩဂုတ် ၂၇

ပါကစ္စတန်အာဏာရညွန့်ပေါင်းအစိုးရတွင် ပြန်လည်ဝင်ရောက်ပါရန် ဝန်ကြီးချုပ်ဟောင်း နဝပ်ရှုရစ်ဖ်အား ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)ခေါင်းဆောင် အဆစ်ဇာဒါရီက မေတ္တာရပ်ခံလိုက်သည်။

အငြင်းပွား

သမ္မတဟောင်း မူရှာရက်ဖ်အား ရာထူးမှ ဖယ်ရှားခဲ့သည့် တရားသူကြီးများကို ရာထူးပြန်ခန့်ရေးတွင် အငြင်းပွားပြီးနောက် နဝပ်ရှုရစ်ဖ်က သူ၏ ပီအမ်အယ်-အင်န် ပါတီကို ညွန့်ပေါင်း အစိုးရအဖွဲ့မှ ဩဂုတ် ၂၅ရက်တွင် နုတ်ထွက်စေခဲ့သည်။

ယှဉ်ပြိုင်

ပါကစ္စတန်သမ္မတ မည်သူဖြစ်သင့်သည်ဆိုသော ကိစ္စတွင်လည်း နှစ်ဖက်သဘောထားမတိုက်ဆိုင်ကြချေ။ စက်တင်ဘာ၆ရက် သမ္မတရွေးကောက်ပွဲတွင် ပီပီပီခေါင်းဆောင် မစ္စတာဇာဒါရီနှင့်ယှဉ်ပြိုင်ရန် မစ္စတာနဝပ်ရှုရစ်ဖ်က သူ့ပါတီဝင်တစ်ဦးအား ဝင်ရောက်ယှဉ်ပြိုင်စေသည်။

(အင်တာနက်)

စပိန်၌ ကိုကင်း၃၁၈ကီလိုဂရမ် ရှာဖွေတွေ့ရှိ

မက်ဒရစ် ဩဂုတ် ၂၇

စပိန်နိုင်ငံ၌ မူးယစ် စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲစဉ် ၎င်းနိုင်ငံအရှေ့ပိုင်းပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ဗာလန်ကာရာဒေသ၌ ဩဂုတ်၂၅ရက်တွင် စပိန်ရဲတပ်ဖွဲ့ဝင်များက မသင်္ကာသူသုံးဦးအား စစ်ဆေးရာမှ ကိုကင်း ၃၁၈ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ပွားမှုသည် ပရိဘောဂပစ္စည်းများတင်ဆောင်သည့် ကုန်တင်သင်္ဘောတစ်စင်းပေါ်၌ သယ်ဆောင်လာခြင်းဖြစ်ပြီး ၎င်းတို့သည် ပါရာဂွေးနိုင်ငံသားများဖြစ်၍ ၎င်းတို့အား သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်ထားပြီး ထပ်မံစုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

ဂါဇာသို့ အစ္စရေးဓာတ်ငွေ့ နေ့စဉ် ကုဗလီတာ ၃၀၀ ရောင်းချမည်

ဂါဇာ ဩဂုတ် ၂၇

ဂါဇာကမ်းမြောင်ဒေသသို့ ချက်ပြုတ်ရာတွင် အသုံးပြုရန် ဓာတ်ငွေ့များကို ယခုသီတင်းပတ်ကုန်မှစ၍ အစ္စရေးနိုင်ငံက ယခင်ကထက် ပိုမိုတင်ပို့ပေးမည်ဖြစ်ကြောင်း ပါလက်စတိုင်း ရေနံအေဂျင်စီ(ပီပီအေ)က ဩဂုတ် ၂၅ရက်တွင် ပြောကြားလိုက်သည်။

ဓာတ်ငွေ့တင်ပို့

ဂါဇာကမ်းမြောင်ဒေသအတွင်း ဓာတ်ငွေ့ပိုမိုတင်ပို့မှု သဘောတူညီချက်အရ အစ္စရေးမှ နေ့စဉ်ဓာတ်ငွေ့ ကုဗလီတာ၃၀၀ရောက်ရှိမည်ဖြစ်ကြောင်း ပီပီအေ အလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် မူဂျာဟတ်ဆလာမာက ပြောကြားသည်။

ပိုမိုတင်ပို့

ဂါဇာကမ်းမြောင်ဒေသတွင် ဓာတ်ငွေ့လိုအပ်ချက် များပြားလာမှုအတွက် ပီပီအေ၊ ပါလက်စတိုင်းနိုင်ငံပိုင် ဓာတ်ငွေ့လုပ်ငန်းနှင့် ဂါဇာကမ်းမြောင်ဒေသသို့ စက်သုံးဆီ အဓိကတင်ပို့လျက်ရှိသည့် အစ္စရေး ဒိုရာရေနံကုမ္ပဏီတို့ ပူးပေါင်း၍ ဓာတ်ငွေ့ပိုမိုတင်ပို့ရေးကို သဘောတူ လုပ်ဆောင်ခဲ့ကြောင်း စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ အစ္စရေးက ဓာတ်ငွေ့များ ပိုမိုတင်ပို့မည်ဖြစ်ကြောင်း ဆလာမာက ပြောကြားသည်။

အသုံးပြု

ချက်ပြုတ်ရာတွင် အသုံးပြုသည့် ဓာတ်ငွေ့များကို ကားမောင်းနှင်ရာတွင် အသုံးပြုနေကြကြောင်း၊ ဂါဇာကမ်းမြောင်သို့ ရောက်ရှိလာသည့် ဓာတ်ငွေ့များ၏ ၄၀ရာခိုင်နှုန်းမှာ မော်တော်ယာဉ်များတွင် အသုံးမပြုဘဲ မီးဖိုချောင်များတွင် အသုံးပြုရန် ပိုမိုသင့်တော်ကြောင်း ဆလာမာက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ကယ်ကွတ်မြို့၌ အသေခံ ဗုံးဖောက်ခွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၂၇

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ ဩဂုတ်၂၄ရက် ညနေက လူစည်ကားရာဈေးတစ်ခု၌ အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် ငါးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အကြမ်းဖက်

ကယ်ကွတ်မြို့သည် အီရတ်နိုင်ငံ၏ ရေနံထွက်ရှိရာ အဓိကအချက်အချာကျသည့်မြို့ဖြစ်ကြောင်း၊ ၎င်းမြို့၌ ယခုတစ်လနီးပါးအတွင်း သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူ၂၀ကျော် သေဆုံးပြီး ၂၀၀ကျော် ဒဏ်ရာရလျက်ရှိသည်။

(အင်တာနက်)

မိုဘိုင်းလ်ဖုန်း အသုံးပြုသူ ဘင်္ဂလားဒေ့ရှ်၌ ပိုများလာ

ဒါကာ ဩဂုတ် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မိုဘိုင်းလ်ဖုန်းလုပ်ငန်းခြောက်ခု၌ ဇူလိုင်လအတွင်း မိုဘိုင်းလ်ဖုန်း အသုံးပြုသူ ၁ဒသမ၁သန်းကျော် ထပ်မံတိုးမြင့်လာခဲ့ကြောင်း၊ လက်ရှိ၌ နိုင်ငံအတွင်း ဖုန်းအသုံးပြုသူဦးရေမှာ ၄၄ဒသမ၈သန်းကျော် ရှိနေပြီဖြစ်ကြောင်း၊ အာရှဒေသတွင် မိုဘိုင်းလ်ဖုန်း အသုံးပြုသူဦးရေ တိုးတက်မှုအမြန်ဆုံးနိုင်ငံတွင် ဘင်္ဂလားဒေ့ရှ် ပါဝင်လာပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မြန်မာ့အလင်း ၂၇-၈-၂၀၀၈

အာရှနိုင်ငံများ၏ ဆက်သွယ်ရေးကဏ္ဍ သတင်းပဒေသာ

မိုဘိုင်းလ်ဖုန်းအရေအတွက် တောင်ကိုရီးယား၌ ၄၅သန်းကျော်ရှိလာ

ဆိုးလ် ဩဂုတ် ၂၇

တောင်ကိုရီးယားနိုင်ငံအတွင်း အသုံးပြုလျက်ရှိသည့် မိုဘိုင်းလ်ဖုန်း အရေအတွက်မှာ ၄၅သန်းကျော်ရှိလာကာ နိုင်ငံလူဦးရေ၏ ၉၃ရာခိုင်နှုန်းနှင့် ညီမျှနေပြီဖြစ်သည်။ ယင်းမှာ အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှအားဖြင့် မိုဘိုင်းလ်ဖုန်းသုံးလုံး ပိုင်ဆိုင်လျက်ရှိသည်ကို ဖော်ပြလျက်ရှိကြောင်း၊ မိုဘိုင်းလ်ဖုန်း၄၃သန်းကျော်မှာ အင်တာနက်ချိတ်ဆက်အသုံးပြုလျက်ရှိကြောင်း တောင်ကိုရီးယားဆက်သွယ်ရေးကော်မရှင်က ပြောကြားသည်။

ပုံစံသစ်လက်ကိုင်ဖုန်းများ တရုတ်ထုတ်လုပ်မည်

ရှန်ဟိုင်း ဩဂုတ် ၂၇

ကမ္ဘာ့လက်ကိုင်ဖုန်း ထုတ်လုပ်မှု (ဝဲပုံ) အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် အနာဂတ်ကာလတွင် ထုတ်လုပ်မည့် လက်ကိုင်ဖုန်းသစ်များကို ခေတ်မီနည်းပညာများအပြင် ပုံစံသစ် ဒီဇိုင်းသစ်များဖြင့် ပြောင်းလဲထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း၊ ၂၀၀၈ခုနှစ်အတွင်း လက်ကိုင်ဖုန်း ၆၀၅သန်းထုတ်လုပ်ရန် မျှော်မှန်းထားကာ ယမန်နှစ်ကထက် ၁၇ရာခိုင်နှုန်းမြင့်တက်လာမည်ဖြစ်သည်။ ပြည်တွင်းအသုံးပြုမှု လက်ကိုင်ဖုန်းအရေအတွက်မှာ ၂၀၅သန်းရှိကာ ၁၇ဒသမ၆ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ **(ကိုးကား-အင်တာနက်၊ ဆင်ဟွာ)**

စင်ကာပူ၊ အိန္ဒိယနှင့် ဖိလစ်ပိုင်ဈေးကွက်များသို့ သရီးဂျီအိုင်ဖုန်းရောက်ရှိလာ

စင်ကာပူ ဩဂုတ် ၂၇

အက်ပဲလ်ကုမ္ပဏီအနေဖြင့် ၎င်း၏ဈေးကွက်ချဲ့ထွင်မှုအရ အသစ်ထုတ်လုပ်လိုက်သည့် သရီးဂျီအိုင်ဖုန်းများကို **(အောက်ပုံ)** စင်ကာပူ၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများရှိ ဖုန်းဈေးကွက်များအတွင်းသို့ ဩဂုတ် ၂၂ ရက်မှစတင်ကာ ရောင်းချခဲ့ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ နယူးဒေလီ၊ မွန်ဘိုင်းနှင့် ဘန်ဂိုလာ မြို့ကြီးသုံးမြို့မှ စတင်၍ သရီးဂျီအိုင်ဖုန်းဈေးကွက်ကို စတင်ခဲ့သည်။

ဗီယက်နမ်နှင့် ဗင်နီဇွဲလား ဆက်သွယ်ရေးကဏ္ဍပူးပေါင်း

ဟန္နိုင်း ဩဂုတ် ၂၇

ဗီယက်နမ်နှင့် ဗင်နီဇွဲလားနှစ်နိုင်ငံအနေဖြင့် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအပါအဝင် ကဏ္ဍကြီးရှစ်ခု၌ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားကြရန် ဗင်နီဇွဲလားနိုင်ငံ ကာရာကတ် မြို့တော်၌ သဘောတူညီခဲ့ကြကြောင်း ဗီယက်နမ်သတင်းအေဂျင်စီ ဗွီအင်န်အေဝက်ဘ်ဆိုက်၌ ဖော်ပြသည်။

လာအိုဆက်သွယ်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေး တရုတ်အစိုးရကူညီမည်

ဗီယန်ကျင်း ဩဂုတ် ၂၇

လာအိုနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအဆင့် မြှင့်တင်နိုင်ရန်အတွက် တရုတ်အစိုးရက ကူညီဆောင်ရွက်ပေးရန်သဘောတူညီလိုက်ပြီ ဖြစ်သည်။ ထိုသဘောတူညီမှုတွင် တရုတ်နိုင်ငံအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးကဏ္ဍနှင့် မြေပြင် အခြေစိုက် ဆက်သွယ်ရေးကဏ္ဍများ အဆင့်မြှင့်တင်ရေးကို နည်းပညာပိုင်းဆိုင်ရာများက ကူညီပံ့ပိုးပေးမည့်အပြင် ဝန်ထမ်းများအားလည်း လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များပါရှိကြောင်း သိရသည်။

28-8 (04).pmd 1 8/29/2008, 3:15 AM

အာကာသသိပ္ပံ



အာကာသ၌ အလွန်ထူးဆန်းသော ရောင်စဉ်တန်းများတွေ့ရှိ

အာကာသအတွင်း အလွန်ထူးဆန်းသော ရောင်စဉ်တန်းအစုအဖွဲ့များကို အမေရိကန် သုတေသနပညာရှင်များက အဏုကြည့်မှန်ပြောင်းဖြင့် ရှာဖွေတွေ့ရှိခဲ့သည်။

ရောင်စဉ်တန်း

လင်းလက်သောရောင်စဉ်များဖြင့် နဂါးငွေ့တန်းသဖွယ် တည်ရှိနေသည့် အဆိုပါ ထူးဆန်းသော ရောင်စဉ်တန်းများမှာ ကြယ်တာရာကလေးများ စုဖွဲ့နေသကဲ့သို့ ဖြစ်တည်နေခြင်း ဖြစ်သည်။ ၎င်းကြယ်တာရာလေးများ၏ အရေအတွက်မှာ စုစုပေါင်း ၅၀ခန့် ရှိကြောင်း သိရသည်။

ထင်ရှားစွာတွေ့မြင်ရ

ထို့အတူ ၎င်းရောင်စဉ်တန်း စုဖွဲ့မှုအနေအထားများကိုတွေ့ရှိရသည်မှာ တစ်ခုနှင့် တစ်ခုဝေးကွာသည့် အနေအထား၌ တည်ရှိနေကြောင်း၊ ထိုသို့သော ရောင်စဉ်တန်း အစုအဖွဲ့များကို အလွန်မှောင်မိုက်သော ညများတွင် ပိုမိုထင်ရှားစွာ တွေ့မြင်ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ထူးဆန်း

ယခုတွေ့ရှိရသည့် အာကာသအတွင်းမှ အလွန်ထူးဆန်းသော ရောင်စဉ်တန်းအစုအဖွဲ့များနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို ဆက်လက်သုတေသနပြုရန် လိုအပ်ဆဲဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ (အင်တာနက်)

အင်တာနက်ကျန်းမာရေး



ဆီကြော် စားသုံးမှုများလျှင် အူမကြီးကင်ဆာဖြစ်ပွားနိုင်

နေ့စဉ်နံနက်စာ စားသုံးရာတွင် ဆီကြော်မုန့်များနှင့် ဆီကြော်အစား အစာများ ပုံမှန်စားသုံးသူများအနေဖြင့် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက သတိပေးလိုက်သည်။

အူမကြီးကင်ဆာ

အထူးသဖြင့် ဆီကြော်အစားအစာများနှင့် အသားကြော်များကို တစ်နေ့လျှင် ဂရမ် ၁၅၀ မျှ စားသုံးလေ့ရှိသူများသည် အူမကြီးကင်ဆာဖြစ်ပွားနိုင်မှု ၆၃ရာခိုင်နှုန်းခန့် ရှိကြောင်း သိရသည်။

အဝလွန်မှု

ဆီဖြင့်ကြော်ထားသော အာလူးကြော်၊ ကြက်ဥကြော်နှင့် အသားကြော်များကို နေ့စဉ်စားသုံးခြင်းသည် အဝလွန်မှုကို ဖြစ်ပေါ်စေပြီး သွေးအတွင်း ကိုလက်စထရော များစေကြောင်း၊ ထို့အပြင်ခန္ဓာကိုယ်အတွင်း ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း သတိပေးထားသည်။

အကြံပြု

ထို့အတူ နေ့စဉ်စားသုံးနေကျ အစားအစာများတွင် ဆီကြော်အစားအစာများကို ရှောင်ရှားသင့်ကြောင်း၊ ဆီဖြင့်ကြော်ထားသော အစားအစာများသည် ကင်ဆာရောဂါ အများအပြားကို ဖြစ်ပွားစေနိုင်သဖြင့် သတိထားသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ဘဝအမောပြေ

အလွယ်လေးပါ....

ပုဂ္ဂလိကဆေးခန်းတစ်ခန်းသို့ အမျိုးသားတစ်ဦး အပြေးအလွှားရောက်ရှိလာပြီး ဆရာဝန်အား အကူအညီတောင်းလေသည်။

အမျိုးသား ။ ။ ဒေါက်တာ...ကူညီပါဦး။
ဒေါက်တာ ။ ။ ကဲ...ဘာဖြစ်လို့လဲ ပြောပါ။
အမျိုးသား ။ ။ ကျွန်တော့်အိမ်ကို အခုမြန်မြန်လေးလိုက်ခဲ့စေချင်ပါတယ်။
ဒေါက်တာ ။ ။ အဖြစ်အပျက်ကိုလဲ ပြောပါဦး။
အမျိုးသား ။ ။ ကျွန်တော့်သားလေး ဘောလ်ပင်တစ်ချောင်းမျိုချလိုက်လို့ပါ။
ဒေါက်တာ ။ ။ ဩော်-ဒါလား...ဘာမှစိတ်မပူပါနဲ့။
ဟောဒီခဲတံတစ်ချောင်းယူသွား။
အဲဒါနဲ့ စာရေးခိုင်းလိုက်ပါ။
အမျိုးသား ။ ။ "ဗျာ"

သူတို့အတွေးနှင့်အမြင်

We think according to nature; we speak according to rules, we act according to custom.

ကျွန်ုပ်တို့သည် သဘာဝအတိုင်း စဉ်းစားကြပြီး စည်းမျဉ်းနှင့်အညီ ပြောဆိုကြကာ ဓလေ့ထုံးစံအရ လုပ်ဆောင်ကြသည်။

ဖရန့်စစ်ဘေကွန်
(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်၊ စာရေးဆရာနှင့်နိုင်ငံရေးသမား)

When a girl ceases to blush, she has lost the most powerful charm of her beauty.

မိန်းမပျိုတစ်ဦး၏ အရှက်တရား ကုန်ခန်းသွားသည့်အခါ၌ သူမ၏ လှပသော အစွမ်းထက်ဆုံး ဆွဲဆောင်ညှို့ငင်နိုင်စွမ်းမှာလည်း ကွယ်ပျောက်သွားတော့သည်။

ဂရီဂိုရီ
(အီတလီလူမျိုးပုပ်ရဟန်းမင်းကြီး)

တရုတ်၌ ဓာတုပစ္စည်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား

ပေကျင်း ဩဂုတ် ၂၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဂေါင်စီပြည်နယ် ယီကျိုမြို့တွင် ဩဂုတ်၂၆ရက်က ဓာတုပစ္စည်းစက်ရုံ **(အပေါ်ပုံ)** ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း တရုတ်မီဒီယာများက သတင်းဖော်ပြသည်။

စိုးရိမ်

အဆိုပါပေါက်ကွဲမီးလောင်မှုကြောင့် အနည်းဆုံး ၁၈ ဦးသေဆုံးပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်။ အနီးဝန်းကျင်သို့ မီးကူးစက်လောင်ကျွမ်းမည်ကို စိုးရိမ်သဖြင့် ဒေသခံ ၁၀၀ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဆိုသည်မှာ....

သတင်းအက်ဆေး

အဇာဘိုင်ဂျန် သမ္မတနိုင်ငံသည် အာရှတိုက်၏ အနောက်တောင်ဒေသတွင် တည်ရှိသည်။ ရေနံကြွယ်ဝသည့် ဤနိုင်ငံသည် နိုင်ငံရေး ဝရုန်းသုန်းကား အခြေအနေနှင့်တကွ နာဂေါ်နို-ကာရာဘက်၌ အကြမ်းဖက်မှု နောက်ခံဖြစ်ရပ် ရှိသည့်ကြားမှပင် ၁၉၉၁ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်ကာ လွတ်လပ်ရေးရရှိသည်။ ရှေးပဝေသဏီကပင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကြောင့် ဤနိုင်ငံမှာ ထင်ပေါ်ခဲ့သည်။

၁၈၂၈ခုနှစ်တွင် ရုရှားနှင့် ပါရှားတို့ တပ်မန်ချေးစာချုပ်ဖြင့် အဇာဘိုင်ဂျန်ကို ခွဲယူကြသည်။ မျက်မှောက် အဇာဘိုင်ဂျန်သည် ရုရှားအင်ပါယာ၏ အစိတ်အပိုင်းဖြစ်လာပြီး တောင်ပိုင်းအဇာဘိုင်ဂျန်မှာ ပါရှားပိုင်ဖြစ်သွားသည်။

ကြေညာ

၁၈၄၈-၁၈၄၉ခုနှစ်တွင် ဘာကူးမြို့တောင်ပိုင်း၌ ကမ္ဘာ့ပထမဆုံး ရေနံတွင်းကို တူးဖော်သည်။ ၁၉၁၈ခုနှစ်တွင် လွတ်လပ်သော အဇာဘိုင်ဂျန် သမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ၁၉၂၀ ပြည့်နှစ်တွင် ရုရှားတပ်နီတော်များ ဝင်ရောက်လာပြီး ဆိုဗီယက်ဆိုရှယ်လစ် သမ္မတနိုင်ငံ တစ်နိုင်ငံအဖြစ် ကြေညာသည်။ ၁၉၂၂ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကို စတင်ဖွဲ့စည်းရာ၌ ပါဝင်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၃၆ ခုနှစ်တွင် ထရန်ကော့ကေးရှန်း ဆိုဗီယက်ဖက်ဒရေးတစ် သမ္မတနိုင်ငံကို ဖျက်သိမ်းပြီးနောက် အဇာဘိုင်ဂျန်သည် ဆိုဗီယက်ပြည်ထောင်စု၏ အပြည့်အဝသမ္မတနိုင်ငံ တစ်နိုင်ငံဖြစ်လာသည်။

နိုင်ငံရေးဦးဆောင်

၁၉၆၇ခုနှစ်တွင် ဟေဒါအလီယက်သည် အဇာဘိုင်ဂျန် ကေဂျီဘီအကြီးအကဲဖြစ်လာပြီး ၁၉၆၉ခုနှစ်တွင် အဇာဘိုင်ဂျန် ကွန်မြူနစ်ပါတီခေါင်းဆောင်၊ ၁၉၈၂ခုနှစ်တွင် ဆိုဗီယက်နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်နှင့်ဆိုဗီယက်ပြည်ထောင်စု ဝန်ကြီးများကောင်စီ ပထမ ဒုတိယဥက္ကဋ္ဌ ဖြစ်လာပြီး ၁၉၈၇ခုနှစ်တွင် နိုင်ငံရေး ဦးဆောင်အဖွဲ့နှင့် ဝန်ကြီးများကောင်စီမှ နုတ်ထွက်သည်။

ကြိုးပမ်း

၁၉၈၈ခုနှစ် နာဂေါ်နို-ကာရာဘက် ဒေသက အာမေးနီးယားနိုင်ငံနှင့် ပေါင်းစည်းရန် ကြိုးပမ်းသည်။ အဇာရီလူမျိုးများက ကာရာဘက်နှင့် အာမေးနီးယားမှ စတင်ထွက်ခွာပြီး အာမေးနီးယား လူမျိုးများက အဇာဘိုင်ဂျန်မှ ထွက်ခွာသည်။ ဆမ်ကာယစ် အဇာဘိုင်ဂျန်မြို့၌ ဆူပူမှုဖြစ်ပွားစဉ် အနည်းဆုံး အာမေးနီးယားလူမျိုး ၂၆ဦး သေဆုံးပြီး အဇာရီလူမျိုး ခြောက်ဦး သေဆုံးသည်။ ၁၉၉၀ပြည့်နှစ်တွင် လူမျိုးရေး ပဋိပက္ခ ကြီးထွားလာသည်။

၁၈၂၈ ခုနှစ်တွင် ရုရှားနှင့် ပါရှားတို့ တပ်မန်ချေးစာချုပ်ဖြင့် အဇာဘိုင်ဂျန်ကို ခွဲယူကြ၊ မျက်မှောက် အဇာဘိုင်ဂျန်သည် ရုရှားအင်ပါယာ၏ အစိတ်အပိုင်းဖြစ်လာပြီး တောင်ပိုင်း အဇာဘိုင်ဂျန်မှာ ပါရှားပိုင်ဖြစ်သွား။

အစားထိုး

၁၉၉၁ခုနှစ်တွင် ယခုအခါ လွတ်လပ်သော သမ္မတနိုင်ငံအဖြစ် ဆောင်ရွက်နေသည့် နာဂေါ်နို-ကာရာဘက် ရွေးကောက်ပွဲကျင်းပရာ ရောဘတ်ကိုချာရီယာ သမ္မတဖြစ်လာသည်။ ၁၉၉၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတရာထူး ရရှိသည်။ ၁၉၉၇ခုနှစ်တွင် အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် တာဝန်ယူရန် သမ္မတရောဘတ်ကိုချာရီယာ ကာရာဘက်မှ ထွက်သွားသည်။ ဂူကာရှန်အား သမ္မတအဖြစ်ရွေးချယ်သည်။ ၂၀၀၇ခုနှစ် သမ္မတဂူကာရှန်၏ နေရာတွင် ဘာကိုဆာဟာကီယန်ကို အစားထိုးရွေးချယ်သည်။ ၂၀၀၈ခုနှစ် မတ်လတွင် နာဂေါ်နို-ကာရာဘက်တွင် မကြာမီနှစ်များအတွင်း အဆိုးဆုံးတိုက်ပွဲ ဖြစ်ပွားသည်။ အဇာဘိုင်ဂျန်နှင့် အာမေးနီးယားတို့မည်သည့်ဘက်က စတင်တိုက်ခိုက်သည် ဆိုသည့်ကိစ္စ အငြင်းပွားသည်။

ရာထူးမှထွက်

၁၉၉၁ခုနှစ်တွင် အဇာရီကွန်မြူနစ်ခေါင်းဆောင် မူတာလီဘော့အား သမ္မတအဖြစ်ရွေးချယ်ခံရသည်။ ဟေဒါအလီယက်သည် အဇာဘိုင်ဂျန်ပိုင် နာစီချေဗန်ဒေသ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၉၂ ခုနှစ်တွင် မူတာလီဘော့ ရာထူးမှထွက်သည်။ မျိုးချစ် ပြည်သူ့တပ်ဦး ခေါင်းဆောင် အယ်ချီ ဘီသမ္မတဖြစ်လာသည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတ အယ်ချီဘီက ဟေဒါအလီယက်အား မြို့တော်သို့ ပြန်လာရန် ဖိတ်ကြားပြီးနောက်ထွက်ပြေးသည်။ အလီယက် ခေါင်းဆောင် တာဝန်ယူရသည်။ သမ္မတရွေးကောက်ပွဲတွင် အလီယက်အနိုင်ရသည်။

အနိုင်ရ

၁၉၉၄ခုနှစ်တွင် အာမေးနီးယား၊ အဇာဘိုင်ဂျန်နှင့် နာဂေါ်နို-ကာရာဘက်တို့ အပစ်အခတ်ရပ်စဲရေး သဘောတူသည်။ ၁၉၉၅ခုနှစ် အဇာဘိုင်ဂျန်နိုင်ငံ၏ ပထမပါတီစုံ ရွေးကောက်ပွဲတွင် အလီယက်၏ နယူးအဇာဘိုင်ဂျန်ပါတီ အနိုင်ရသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို အတည်ပြုသည်။ ၂၀၀၁ခုနှစ်တွင် အဇာဘိုင်ဂျန်နိုင်ငံ ဥရောပကောင်စီဝင် ဖြစ်လာသည်။

၂၀၀၃ခု ဩဂုတ်လတွင် သမ္မတအလီယက်က သားဖြစ်သူ အီဟာမ်အလီယက်ကို ဝန်ကြီးချုပ်ခန့်သည်။ ထိုနှစ် အောက်တိုဘာ သမ္မတရွေးကောက်ပွဲတွင် အီဟာမ်အလီယက် သမ္မတဖြစ်လာသည်။ ထိုနှစ် ဒီဇင်ဘာတွင် အလီယက်အသက် (၈၀) အရွယ်၌ ကွယ်လွန်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

မြန်မာအသင်း တတိယနေရာလုပွဲကစားရမည်

ရန်ကုန် ဩဂုတ် ၂၇

(၉)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ဩဂုတ် ၂၇ရက်က လစ်ဗျားနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားရာ လစ်ဗျားအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားသည်။

မြန်မာအသင်းအတွက် ပွဲအစ ၅၂စက္ကန့်၌ စိုးမြတ်မင်းက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း လစ်ဗျားတို့က သုံးဂိုးဆက်တိုက်သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး စိုးမြတ်မင်းကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ပထမပိုင်း၌ လစ်ဗျားက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိနေခဲ့သည်။

ဒုတိယပိုင်းတွင် လစ်ဗျားက ပယ်နယ်တီအပါအဝင် နှစ်ဂိုးထပ်မံသွင်းယူခဲ့ပြီး မြန်မာတိုက်စစ်မှူး ရန်ပိုင်က ၇၆မိနစ်၌ ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးတစ်ဂိုးသွင်းယူခဲ့သဖြင့် လစ်ဗျားက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားခြင်း ဖြစ်သည်။

တတိယနေရာလုပွဲကို ဩဂုတ် ၂၉ရက်တွင် မြန်မာအသင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

■ *ကျော်ဖုံးမှ*

အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

အုတ်တွင်း ဩဂုတ် ၂၇

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂ရက် နံနက်ပိုင်းက ရေသိုးရေလှောင်တမံ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့်ဇနီး ဒေါ်နိုင်နိုင်မော်တို့ တက်ရောက်၍ ငါးမျိုးစိုက်ထည့်ပေးသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ အုတ်တွင်းတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာများ၊ ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်၊ အုတ်တွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်မိုးဆွေနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက် ကျေးရွာကျေးရွာအုပ်စုများ... ခြောက်ရပ်ကွက်မှ ပြည်သူများ တက်ရောက်ကြပြီး ငါးကြင်းနှင့် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းကို ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ (၁၁၆)

အမျိုးသား ယူ-၁၈ ကွာတားဖိုင်နယ်၌ စစ်ကိုင်းတိုင်းအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့စဉ်။

အမျိုးသား

အလွတ်တန်းပြိုင်ပွဲကို အမျိုးသား ၁၂သင်း၊ အမျိုးသမီးခုနစ်သင်း၊ အသက် (၁၈)နှစ်အောက်ပြိုင်ပွဲကို အမျိုးသား ၁၂သင်း၊ အမျိုးသမီး ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အမျိုးသား အလွတ်တန်းပြိုင်ပွဲကို အုပ်စုလေးစုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စု(က)၌ တနင်္သာရီက အုပ်စုပထမ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ မန္တလေးက အုပ်စုပထမ၊ ကရင်က အုပ်စုဒုတိယ၊ အုပ်စု(ဂ)၌ ကယားက အုပ်စုပထမ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က အုပ်စုဒုတိယ၊ အုပ်စု(ဃ)၌ စစ်ကိုင်းက အုပ်စုပထမ၊ ရန်ကုန်က အုပ်စုဒုတိယ ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ အသက်(၁၈)နှစ်အောက်အမျိုးသား ပြိုင်ပွဲတွင် အုပ်စု(က)၌ ရန်ကုန်က အုပ်စုပထမ၊ ဧရာဝတီက အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ ပဲခူးက အုပ်စုပထမ၊ ရခိုင်က အုပ်စုဒုတိယ၊ အုပ်စု(ဂ)၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)က အုပ်စုပထမ၊ ကရင်က အုပ်စုဒုတိယ၊ အုပ်စု(ဃ)၌ စစ်ကိုင်းက အုပ်စုပထမ၊ မန္တလေးက အုပ်စုဒုတိယ တို့ရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၇ရက် နံနက် ၈နာရီမှစ၍ အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပခဲ့ပြီး အမျိုးသားအလွတ်တန်း လေးပွဲနှင့် ယူ-၁၈ လေးပွဲတို့ကို ကျင်းပခဲ့သည်။ ယူ-၁၈ကွာတားဖိုင်နယ် ပွဲစဉ်များတွင် ရန်ကုန်က ကရင်ကို (၉၁-၃၁)မှတ်၊ ပဲခူးက မန္တလေးကို (၇၀-၆၂)မှတ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ဧရာဝတီကို (၇၇-၄၃)မှတ်တို့ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီး

အမျိုးသမီးအလွတ်တန်းပြိုင်ပွဲကို အုပ်စုနှစ်ခု ခွဲ၍ ကျင်းပခဲ့ပြီး (က)အုပ်စုတွင် စစ်ကိုင်းတိုင်းက အုပ်စုပထမ၊ မကွေးက အုပ်စုဒုတိယ၊ (ခ)အုပ်စုတွင် ရန်ကုန်က အုပ်စုပထမ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က အုပ်စုဒုတိယ တို့ရရှိကြသည်။ အကြိုဗိုလ်လုပွဲတွင် ရန်ကုန်နှင့် မကွေး၊ စစ်ကိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ တွေ့ဆုံကြမည်ဖြစ်သည်။ အသက်(၁၈)နှစ်အောက် အမျိုးသမီး ပြိုင်ပွဲတွင် အုပ်စု(က)၌ ရန်ကုန်က အုပ်စုပထမ၊ ဧရာဝတီက အုပ်စုဒုတိယ၊ အုပ်စု(ခ)၌ စစ်ကိုင်းက အုပ်စုပထမ၊ ပဲခူးက အုပ်စုဒုတိယတို့ရရှိကြပြီး အကြိုဗိုလ်လုပွဲတွင် ရန်ကုန်-ပဲခူး၊ စစ်ကိုင်း-ဧရာဝတီ တို့တွေ့ဆုံကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲ

ပြိုင်ပွဲနှစ်ပွဲစလုံး၏ အကြိုဗိုလ်လုပွဲ ပွဲစဉ် ရှစ်ပွဲကို ဩဂုတ်၂၈ရက် **(ယနေ့)** နံနက် ၈နာရီမှစ၍ အောင်ဆန်းမိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ဘတ်စကက်ဘော အားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုနိုင်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဌာနဆိုင်ရာနှင့် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုကလပ်အသင်းများ မှတ်ပုံတင်ရမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာ့ကရာတေးဒို အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအပါအဝင် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကရာတေးဒို အားကစားသမားများထွက်ပေါ်လာရေးအတွက် ဌာနဆိုင်ရာ ကရာတေးဒိုကလပ်အသင်းများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့ရှိ ကရာတေးဒိုကလပ်အသင်းများ၏ နည်းစနစ်ပိုင်းကို ခေတ်နှင့်အညီ အစဉ်ဖွံ့ဖြိုးတိုး တက်နေပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ပြုလုပ်သော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ သင်တန်းများ တက်ရောက်ခြင်းနှင့် နိုင်ငံတော်အတွက် အလားအလာရှိသော အားကစားသမားကောင်းများ မွေးထုတ်ပေးခြင်းတို့သည် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် ကလပ်အသင်းများအကြား အလေးထားပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။

မှတ်ပုံတင်

ထို့အပြင်ကရာတေးဒို ကလပ်အသင်းများ စနစ်တကျ ဖွဲ့စည်းလျက် မိမိတို့ အားကစားနည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်နှင့် ကရာတေးဒိုကလပ်အသင်းများအကြား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက် သွားနိုင်ရေးအတွက် ကရာတေးဒို ကလပ်အသင်းများအနေဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

သို့ဖြစ်၍ ဌာနဆိုင်ရာ ကရာတေးဒို ကလပ်အသင်းများအပါအဝင် ပြည်နယ်နှင့် တိုင်းအသီးသီးတို့ရှိ ကရာတေးဒိုကလပ် အသင်းများအနေဖြင့် အသင်းတာဝန်ခံ အမည်၊ ကလပ်အသင်းတည်ရှိရာ၊ စတင်တည်ထောင်သည့်ခုနှစ်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ လက်ရှိနည်းပြနှင့် အားကစားသမားအင်အားတို့ကို ဖော်ပြ၍ ဌာနဆိုင်ရာ ကရာတေးဒိုကလပ်အသင်းများ အတွက် သက်ဆိုင်ရာအားကစားနှင့်ကာယ ပညာကော်မတီ၏ အတည်ပြုထောက်ခံချက်၊ ပြည်နယ်နှင့်တိုင်း အသီးသီးတို့ရှိ ကရာတေးဒို ကလပ်အသင်းများအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အားကစားနှင့် ကာယပညာကော်မတီ၏ အတည်ပြုထောက်ခံချက်တို့ဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း)သို့ ဆက်သွယ်ပေးပို့ မှတ်ပုံတင်ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၉၉၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်ခဲ့

ရန်ကုန် ဩဂုတ် ၂၇

ဦးခင်မောင်ကျော်(MD, United K.M.K Co.,Ltd & United Myeik Co.,Ltd.)သည် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း ငွေသော်တာ၌ ဩဂုတ်၂၃ရက် မွန်းလွဲ ၁နာရီ ၁၅မိနစ်၌ ကစားဖော်များဖြစ်ကြသော ဦးအောင်ဆန်းဝင်း (Professional Golfer)၊ ဦးကျော်ထူး (Asst. Manager, Mitsubishi Corporation)၊ ဦးသန့်စင်မျိုး(Dy. Manager, Mitsubishi Corporation)၊ ဦးဗိုလ်ဗိုလ်မင်းတို့နှင့်အတူ ဂေါက်သီးကစား၍ ကျင်းအမှတ်(၇)၌ ၁၄၁ ကိုက်အကွာမှ Titleist 5 Pro V1 ဘောလုံးကို Honma Iron No.(8) တုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥတုရာသီ တောကိုမှီ၏

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

နယူးဇီလန်မြောက်ပိုင်းဒေသ၌ ရေလွှမ်း

ချီဗို့ ဩဂုတ် ၂၇

နယူးဇီလန်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ဩဂုတ်၂၇ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ချီဗို့မြို့တွင် ရေလွှမ်းမှုများဖြစ်ပွားခဲ့ကြောင်း နယူးဇီလန် အရာရှိများက ပြောကြားသည်။

ရေလွှမ်း

ထိုသို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချီဗို့နှင့်ပစ်တန်မြို့များတွင် နေအိမ်နှင့် မော်တော်ကားလမ်းများ ရေလွှမ်းခဲ့ပြီး သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ရုရှားတောင်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

မော်စကို ဩဂုတ် ၂၇

ရုရှားနိုင်ငံတောင်ပိုင်း ဘိုင်ကယ်ရေအိုင်ဒေသတွင် ဩဂုတ် ၂၇ရက်ဒေသ စံတော်ချိန် နံနက် ၁၀နာရီ ၃၅မိနစ်က ရစ်ချ်တာစကေး ဖ၉ဒသမ၃ အင်အားရှိသော ငလျင်လှုပ်သွားကြောင်း ရုရှားနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

အဆိုပါ ငလျင်ကြောင့် အာကတ်မြို့တွင် ဓာတ်တိုင်များပြိုလဲပြီး ဓာတ်အားကြိုးများ ပြတ်တောက်ခဲ့ကြောင်း၊ နေအိမ်အချို့လည်းပျက်စီးခဲ့ကြောင်း၊ ငလျင်ဗဟိုမှာ အာကတ်မြို့ တောင်ဘက် မိုင်၄၀ခန့်အကွာ မြေအောက် ၁၀ကီလိုမီတာကို ဗဟိုပြုလှုပ်သွားခြင်း ဖြစ်ကြောင်း သိရသည်။

ဗြိတိန်၌တောမီးများလောင်ကျွမ်း နေအိမ် ၂၀ခန့်မီးဘေးသင့်ခံရ

လန်ဒန် ဩဂုတ် ၂၇

ဗြိတိန်နိုင်ငံ အိုင်ဒါဟိုဒေသတွင် ဩဂုတ်၂၇ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနီးဝန်းကျင်ရှိ နေအိမ်၂၀ခန့် မီးဘေးသင့်ခံရကြောင်း ဗြိတိသျှ မီးသတ်အရာရှိများက ပြောကြားသည်။

မီးလောင်ကျွမ်း

တစ်နာရီလျှင် မိုင်၅၀နှုန်းခန့် တိုက်ခတ်သော လေပြင်းများကြောင့် တောမီးမှာ ကူးစက်လောင်ကျွမ်းလျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစား၍ငြိမ်းသတ်နေရကြောင်း၊ ယခုအချိန်အထိ သစ်တောဧရိယာ အများအပြား မီးလောင်ကျွမ်းခံရပြီးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။



ဟေတီတောင်ပိုင်း၌ ဟာရီကိန်းမုန်တိုင်းမွှေ သေဆုံးမှုနှင့် နေအိမ်ပျက်စီးမှုများဖြစ်ပွား

ဂျာမယ်လ် ဩဂုတ် ၂၇

ဟေတီနိုင်ငံတောင်ပိုင်းသို့ ဩဂုတ်၂၇ရက် နံနက်က ဂူတာ့ဗ်ဟာရီကိန်း မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး နေအိမ်များပျက်စီးခဲ့ကြောင်း ဟေတီနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

အဆိုပါ ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီမိုင်၉၀နှုန်း တိုက်ခတ်ခဲ့သဖြင့် ဂျာမယ်လ်မြို့၌ သေဆုံးပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းဟာရီကိန်း မုန်တိုင်းသည် အမေရိကန်နိုင်ငံ လူဝီစီယားနားနှင့် တက်ဆက်စ်ပြည်နယ်များသို့ ဦးတည်ရွေ့လျား သွားကြောင်း သိရသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

မြောက်ဥက္ကလာပမြို့နယ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းပို့ချ

ထို့နောက် အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က စာကြည့်တိုက်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာကြည့်တိုက်မိတ်ဆက်နှင့် စာကြည့်တိုက်ပညာရပ်များကို လည်းကောင်း၊ သင်တန်းဆရာမများဖြစ်ကြသော တောင်ဥက္ကလာပမြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်၊ တာမွေမြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်တို့က စာကြည့်တိုက်ကျွမ်းကျင်မှုလုပ်ငန်းများ မျိုးတူစုလုပ်ငန်းများကို စာတွေ့လက်တွေ့ ရှင်းလင်းပို့ချကြသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်း ၂၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ် အုန်းမြင့်အား မြင်းခြံ-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၁၀၃/၂) (ကူကွဲရွာ)ပြင်စည်-စကားအင်းအပိုင်းပိုင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ပြင်စည်-စကားအင်းအပိုင်းပိုင်း ၄၈မိုင် ၅ဖာလုံတွင် မြေသားလမ်း ဖောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် မြစ်သားမြို့နယ် ရစ်ကန်ကျေးရွာ ကွင်းအမှတ်(၃၉၇)၌ ဆည်ရေဖြင့် စိုက်ပျိုးအောင်မြင်လျက်ရှိသည့် တောင်သူဦးကျော်သိန်း၏ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၅၀/၂)ရှိ စမုံဟောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင် အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က တံတားဆိုင်ရာ အချက်အလက်များနှင့် တံတားတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါ စမုံဟောင်းတံတားသည် အရှည် ၁၆၈ပေ၊ အကျယ် ၂၄ပေနှင့် လူသွားလမ်း တစ်ဖက် သုံးပေအကျယ်ပါရှိပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

ပန်းလောင်တံတား

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် မြင်းခြံ-မန္တလေးလမ်း မိုင်တိုင်အမှတ် ၅၂မိုင် ၁ဖာလုံ အလျား ၁၆မိုင်ရှိ စမာမြောင်းကို ကြည့်ရှုစစ်ဆေးပြီး မြင်းခြံ-မန္တလေး မိုင်တိုင်အမှတ် ၅၂မိုင် ၆ဖာလုံရှိ ပန်းလောင်တံတား ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြစ်သားမြို့နယ် လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်က ပန်းလောင်တံတား တည်ဆောက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွာသစ်ကျေးရွာ ကွင်းအမှတ် (၄၄၂) တောင်သူဦးကျော်စွာဝင်း၏ လယ်မြေပါးကွေ၌ ကျင်းပသည့် ၂၀၀၈-၂၀၀၉ခုနှစ် ကျောက်ဆည်ခရိုင် မိုးစပါးထွန်ယက် စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ကောက်စိုက်သမများ၏ သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ စပါးစိုက်ခင်းအနီး၌ ခင်းကျင်းပြသထားသော လယ်ယာသုံး ဓာတ်မြေဩဇာများနှင့် ပိုးမွှားကာကွယ်ဆေးများ၊ ရွက်ဖျန်းအားဆေးများ၊ အထွက်တိုးမျိုးစပါး၊ မျိုးစေ့နမူနာများကို ကြည့်ရှုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ကျောက်ဆည် နည်းပညာတက္ကသိုလ်မှ စမ်းသပ်ထုတ်လုပ်သည့် ကီလိုဂရမ် ၅၀ ရှိ ဇီဝဓာတ်မြေဩဇာများကို ဒေသခံတောင်သူများထံ တစ်အိတ်လျှင် ငွေကျပ်၂၀၀၀နှုန်းဖြင့် ရောင်းချနေမှုများကို ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

မိုးညှင်းမြို့ မြို့တော်ခန်းမဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်

မိုးညှင်း ဩဂုတ် ၁၀

မိုးညှင်းခရိုင် မိုးညှင်းမြို့ ကျက်သရေဆောင် စိမ်းလဲ့ရတနာ မြို့တော်ခန်းမ အတွင်းအပြင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ဇွန် ၁၇ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်၍ အဖွဲ့ဝန်ထမ်းများဖြင့် မိုးရာသီပန်းအလှပင်များ ပြုစုပျိုးထောင် စိုက်ပျိုးခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

တိုယိုဘက်ထရီမှ ရောင်းအားအကောင်းဆုံးဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

Proven Technology Industry Co.,Ltd. TOYO Battery မှ မြန်မာတစ်နိုင်ငံလုံး ရောင်းအားအကောင်းဆုံးဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဩဂုတ်၂၃ရက် ညနေ ၅နာရီခွဲက ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ကမ္ဘာ Western Park Royal စားသောက်ဆိုင်၌ ကျင်းပသည်။

အခမ်းအနားတွင် Managing Director ဦးအုန်းလွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး**(အပေါ်ပုံ)** မြန်မာတစ်နိုင်ငံလုံး ရောင်းအား အကောင်းဆုံးဆုရ ပါဝါဦးသန်းထွန်း(တမူးမြို့)၊ ဦးမြင့်လွင်(ရန်ကုန်မြို့)၊ ဦးကံညွန့်(အင်းဝဘရားသားကုမ္ပဏီလီမိတက် တမူးမြို့)၊ အောင်ကျော်သိန်း (ပုသိမ်မြို့)၊ ဦးထွန်းထွန်း (တောင်ကြီးမြို့)၊ ကိုထွန်းဝင်း(အိုလံပစ်ဘက်ထရီရောင်းဝယ်ရေး ရန်ကုန်မြို့)၊ လွင်ဘက်ထရီနှင့် ပလိတ်ပြားရောင်းဝယ်ရေး (ရန်ကုန်မြို့)၊ နေမျိုးလျှပ်စစ်(မောင်ခိုင်လမ်း ရန်ကုန်မြို့)၊ နေဦးစတိုး(တမူးမြို့)တို့အား ဆုများပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ Chief Operating Officer/Executive Director ဦးသန်းထိုက်လွင်က အပိုဆောင်းဆုအဖြစ် ပါဝါဦးသန်းထွန်း(တမူးမြို့)အား အဝတ်လျှော်စက်၊ ဦးမြင့်လွင် (ရန်ကုန်မြို့) လေးကြိမ်ဆက်တိုက်ဆုကိုကိုယ်စား သမီးဖြစ်သူ မစန်းစန္ဒာလွင် MD-ML Trading Co.,Ltd. အား ရေခဲသေတ္တာချီးမြှင့်သည်။

ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိ

TOYO Battery သည် N-20, N-40ZL, N-50ZL, N-70L, N-70ZL, N-100, N-120, N-150, N-200 အပြင် ဂေါက်ကွင်းကား၊ မီးရထားစက်ခေါင်းနှင့် မီးရထားတွဲ၊ ဆက်သွယ်ရေးဝန်ကြီးဌာနသုံး Stand by Battery နှင့် ဝန်ချီစက်သုံးအဖြစ် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

TOYO Battery သည် ISO 9001-2000(Quality Management System) လက်မှတ်ရထားပြီး ဂျပန်နည်းပညာ စံချိန်စံညွှန်းနှင့် ထုတ်လုပ်ထား၍ အရည်အသွေးနှင့် ဈေးနှုန်းတွင် စိတ်ချရသည်။ စက်မှုနှင့်အရန်စွမ်းအားသုံး Tubular Battery အမျိုးအစားကို စမ်းသပ်ထုတ်လုပ်နေပြီး ဈေးကွက်သို့ ရောင်းချမည်ဖြစ်သည်။

ဆက်သွယ်နိုင်

TOYO Battery မှ မော်တော်ကားများတစ်နှစ်၊ အင်ဗာတာ ခြောက်လအာမခံပေးပြီး ထုတ်လုပ်မှုအရ ချွတ်ယွင်းချက်ဖြစ်ပါက ကုမ္ပဏီမှတာဝန်ယူ၍ သုံးစွဲသူများ နစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးသွားမည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘက်ထရီနှင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များနှင့် ရန်ကုန်ရုံးချုပ် F/S(14) ရွှေစံပယ်ရိပ်မွန် ရေကြောင်းသိပ္ပံရှေ့ ဘုရင့်နောင်လမ်းမကြီး ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၇၆၆၇၊ ၇၀၁၇၁၉၊ ၇၀၁၇၂၀နှင့် မန္တလေးမြို့တွင် အမှတ် ၁၁၃၊ ၈၄လမ်း ၂၉လမ်းနှင့် လမ်း ၃၀ကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၂၂၄၈တို့သို့ ဆက်သွယ်နိုင်သည်။

နှစ်ခြိုက်အားပေး

ပြည်တွင်းထုတ် နိုင်ငံတကာ အရည်အသွေးမီ TOYO Battery များကို မြန်မာနိုင်ငံတစ်ဝန်းရှိ သုံးစွဲသူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချနေပြီး သုံးစွဲသူများ နှစ်ခြိုက်စွာလက်ခံ အားပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၈-၂၀၀၈ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လှေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်)(အမျိုးသား၊ အမျိုးသမီး)
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၁၅ ၃။ အကပြိုင်ပွဲ
၄:၂၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၅။ မြန်မာစာ မြန်မာစကား
၄:၄၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၅၀ ၇။ တေးဂီတအစီအစဉ်
၅:၀၅ ၈။ **အန္တရာယ်ကင်းစေ ဘေးရှင်းစေ** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၅:၁၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၃၀ ၁၀။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက ၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လှေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်)(အမျိုးသား၊ အမျိုးသမီး)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသ အခြေအနေ
၆:၃၅ ၁၃။ တေးဂီတအစီအစဉ်
၆:၅၀ ၁၄။ ဘက်စုံဖွံ့ဖြိုးတိုးတက်ဝေဆာ ဖာမွန်းစံပြကျေးရွာ
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မုန်တိုင်း** (အပိုင်း-၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၂၃)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ဂဂ)အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေ၃နာရီခွဲတွင် နေပြည်တော်ဘောလုံးကစားကွင်းနှင့် ပေါင်းလောင်းဘောလုံးကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကစားကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

အလားတူ ပေါင်းလောင်းဘောလုံးကစားကွင်း၌ သာသနာရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီဖြင့် သရေရရှိသွားကြသည်။

ဆက်လက်ယှဉ်ပြိုင်

ဩဂုတ် ၂၈ရက်တွင် နေပြည်တော်ဘောလုံးကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်းဘောလုံးကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း (ဃဃ)အုပ်စု ပွဲစဉ်များအဖြစ် ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လပွတ္တာမြို့နယ်ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ကြည့်ရှု၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၄ရက်တွင် လပွတ္တာမြို့နယ် ပြင်စလူမြို့ နှာခေါင်းပေါက်ကျေးရွာ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဝန်ကြီးသည် ကျေးရွာရှိ ပြည်သူများအား အားပေးစကားပြောကြားပြီး ကျောင်းသားများအတွက် ဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ ထောက်ပံ့ရေးပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာတာဝန်ရှိသူများအား ပေးအပ်သည်။ **(အပေါ်ပုံ)**

ဖြည့်ဆည်းခဲ့

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဇင်ရွဲကြီးကျေးရွာ၌ တော်ဝင်ကုမ္ပဏီမှ ဆောက်လုပ်နေသည့် လူနေအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိမိအစီအစဉ်ဖြင့် ပြန်လည်ဆောက်လုပ်မည့် ကျေးရွာသားများအား တွေ့ဆုံ၍ လိုအပ်သော သွပ်၊ သံများ ဖြည့်ဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအန္တရာယ် ဆွေးနွေးဟောပြော

ဩဂုတ်၂၇ရက်က လူမှုဝန်ထမ်းဦးစီးဌာန၏ ရန်ကုန်တိုင်းစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး အသင်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ကဦးဆောင်၍ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် ခုခံအားကျဆင်းမှုရောဂါ အန္တရာယ်များအကြောင်းနှင့် နောက်ဆက်တွဲစောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မရမ်းကုန်း အလက(၅)၌ကျင်းပရာ ရန်ကုန်တိုင်းအသင်းဥက္ကဋ္ဌ ဦးစံရှိန် ဆွေးနွေးဟောပြောစဉ်။

(လူမှုဝန်ထမ်း)

မြန်မာနိုင်ငံအမျိုးသားအဆင့် စီမံကိန်းရေးဆွဲရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၇

သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနတို့ ပူးတွဲကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စီမံကိန်းရေးဆွဲရေးညှိနှိုင်းအစည်းအဝေးနှင့် အကြို အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၉နာရီတွင် နေပြည်တော် ရေဆင်း သစ်တောသုတေသနဌာနရှိ စုဝေးခန်းမ၌ ကျင်းပသည်။

ကြိုဆိုနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က တောင်တန်းဒေသပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းရေးတို့ အရေးပါကြောင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (ICIMOD) မှ Dr. Eklabya Sharma က ကြိုဆို နှုတ်ဆက်စကားပြောကြားသည်။

တင်ပြဆွေးနွေး

အစည်းအဝေးတွင် ထာဝစဉ်တည်တံ့သောအသက်မွေးဝမ်းကျောင်းမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုလုပ်ငန်းများ အစီအစဉ်နှင့် ဘက်စုံရေနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်ဟူ၍ သီးခြား အစီအစဉ်သုံးခု ခွဲခြားပြီး တင်ပြ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ရှေးဦးသူနာပြု ဆေးသေတ္တာ ၄၆၈သေတ္တာတို့ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၂၇

ဩဂုတ်၂၆ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ပါက အိန္ဒိယနိုင်ငံမြောက်ပိုင်း ဘီဟာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခြင်း၊ ဗြိတိန်နိုင်ငံတောင်ပိုင်း ချီဖို့မြို့တွင် လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ဩဂုတ်၂၇ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်ပါက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ဩဂုတ် ၂၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ပူတာအို	၃ ဒသမ ၄၃ လက်မ
သထုံ	၂ ဒသမ ၄၈ လက်မ
ဘီးလင်း	၂ ဒသမ ၂၄ လက်မ
ကသာ	၁ ဒသမ ၇၃ လက်မ
ခန္တီး	၁ ဒသမ ၀၆ လက်မ
မချမ်းဘော	၁ ဒသမ ၀၂ လက်မ

ဩဂုတ် ၂၈ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသ အခြေအနေကို ခန့်မှန်းရပါက ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာနိုင်သည်။ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

ဩဂုတ်၂၈ရက်**(ယနေ့)** နေပြည်တော်နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဩစတြေးလျ မဲလ်ဘုန်းမြို့၌ လေယာဉ်ငယ်နှစ်စင်းတိုက်မိ တစ်စင်းပျက်ကျပြီး လေယာဉ်မှူးသေဆုံး

မဲလ်ဘုန်း ဩဂုတ် ၂၇

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ ကောင်းကင်ယံတွင် ဩဂုတ်၂၇ရက် မွန်းလွဲ ၁၂ နာရီ မိနစ်၄၀က လေယာဉ်ငယ်နှစ်စင်း တိုက်မိခဲ့ရာ လေယာဉ်တစ်စင်း ပျက်ကျပြီး လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း ဩစတြေးလျ လေကြောင်းအရာရှိများက ပြောကြားသည်။

ပျက်ကျသွားသည့် လေယာဉ်ငယ်မှာ အေဆက်နာ-၁၅၀ အမျိုးအစား လေယာဉ်ဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များက အဆိုပါ လေယာဉ်ပျက်ကျရာ နေရာသို့ သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးလျက်ရှိသည်။

ဆူဒန်လေယာဉ်အပိုင်စီးသူများ လစ်ဗျားတောင်ပိုင်း၌ လက်နက်ချအဖမ်းခံခဲ့

ထရီပိုလီ ဩဂုတ် ၂၇

ဆူဒန်နိုင်ငံ ဒါဖာဒေသရှိ ညာလာမြို့လေဆိပ်မှ ခရီးသည်နှင့်လေယာဉ်အမှုထမ်း စုစုပေါင်း ၉၅ဦးပါရှိသည့် ခရီးသည်တင်လေယာဉ်အား အကြမ်းဖက်သမားများက ဩဂုတ်၂၆ရက်က အပိုင်စီးသွားခဲ့ကြောင်း ဆူဒန်အရာရှိများက ပြောကြားသည်။ (မြန်မာ့အလင်း ဩဂုတ်၂၇ရက်)

အဆိုပါသတင်းနှင့် ပတ်သက်၍ ဆက်လက်သိရှိရသည်မှာ ၎င်းလေယာဉ်ကို အပိုင်စီးသူနှစ်ဦးက လစ်ဗျားနိုင်ငံသို့ ဦးတည်မောင်းနှင်စေခဲ့ပြီး လစ်ဗျားနိုင်ငံတောင်ပိုင်း ကူဖရာလေဆိပ်သို့ လေယာဉ်ဆီဖြည့်ရန် ဆင်းသက်စေခဲ့သည်။

ပယ်ချ

လစ်ဗျားအာဏာပိုင်များက ခရီးသည်များအား အစားအစာနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးရန် တောင်းဆိုခဲ့သော်လည်း လေယာဉ်အပိုင်စီးသူနှစ်ဦးက လက်မခံဘဲ ပယ်ချခဲ့သည်။ ၎င်းတို့အနေဖြင့် အဆိုပါလေယာဉ်ကို ပြင်သစ်နိုင်ငံသို့ ဆက်လက်ပျံသန်းရန် စီစဉ်ခဲ့သော်လည်း နောက်ပိုင်း၌ လစ်ဗျားအာဏာပိုင်များနှင့် ဆွေးနွေးခဲ့ပြီးနောက် လေယာဉ်အပိုင်စီးသူနှစ်ဦးက လက်နက်ချကာ အဖမ်းခံခဲ့ကြောင်း သိရသည်။

လားရှိုးစည်ပင်သာယာ မြို့ပြရေပေးဝေရေး ပြင်ဆင်ထိန်းသိမ်း

လားရှိုး ဩဂုတ် ၂၇

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြရေပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ လားရှိုးမြို့ ရေကန်တောင် ရေပေးဝေရေး ဂါလန် ၄၀၀၀၀ ဆံ့ ကလိုရင်းခတ်ကန်မှ ရေပေးဝေရေး ရေလွှတ်ဂိတ်ဘား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဟန်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စိုက်ပျိုးရေးထူးချွန်ဆုရမြို့နယ်များနှင့် တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဩဂုတ်၂၅ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စိုက်ပျိုးရေးထူးချွန်ဆုရ မြို့နယ်များ၊ တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဗိုလ်ချုပ်မင်းအောင်လှိုင်က ပညာရည်ချွန်ဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပြီး ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း နွေစပါးအထွက်နှုန်း ထူးချွန်တောင်သူ ပထမဆု၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေး ထူးချွန်မြို့နယ်ဆု အဆင့်(၁)ရ မောက်မယ်မြို့နယ်နှင့် သီးနှံစိုက်စွမ်းအား အကောင်းဆုံးထူးချွန်မြို့နယ်ဆု အဆင့်(၁)ရသည့် ရပ်စောက်မြို့နယ်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း နွေစပါးအထွက်နှုန်း ထူးချွန်တောင်သူ ဒုတိယနှင့် တတိယဆုများ၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်မြို့နယ်ဆု အဆင့်(၂)နှင့် အဆင့်(၃)ဆုရ မြို့နယ်များနှင့် သီးနှံစိုက်စွမ်းအားအကောင်းဆုံးမြို့နယ်ဆုအဆင့်(၂)နှင့် အဆင့်(၃)ဆုရ မြို့နယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်သို့ရောက်ရှိပြီး နမ့်စန်တပ်နယ်ခန်းမ၌ တပ်နယ်ရှိအရာရှိ၊ စစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံ၍ တပ်နယ်အတွက် သုတရသစာအုပ်များ၊ စာရေးကိရိယာများနှင့် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်သို့ရောက်ရှိပြီး မိုင်းပန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအားလည်းကောင်း၊ မိုင်းပန်တပ်နယ်ခန်းမ၌ အရာရှိ၊စစ်သည် မိသားစုဝင်များနှင့်လည်းကောင်းတွေ့ဆုံ၍ စာရေးကိရိယာ၊ သုတရသစာအုပ်များနှင့်အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စိုက်ပျိုးရေး ထူးချွန်ဆုရ မြို့နယ်များ၊ တောင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ပညာရည်ချွန်ဆုရ ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နတ်မောက်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်

နေပြည်တော် ဩဂုတ် ၂၇

မကွေးတိုင်း နတ်မောက်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းအသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက် နံနက်ပိုင်းတွင် နတ်မောက်မြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းအသစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရေးဦးစွာ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းအသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းအသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဒစ်ဂျစ်တယ် အိတ်ချိန်းအသစ်တွင် တပ်ဆင်ထားသော စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား စက်ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရန် မှာကြားကာ ပြည်တွင်းပြည်ပ အဝေးခေါ်ဆိုမှုများကို စမ်းသပ်ခေါ်ဆိုသည်။

ဆက်လက်၍ ဝန်ကြီးသည် Public Access Center သို့ ဝင်ရောက်ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်း

ထို့နောက်ဝန်ကြီးအား နတ်မောက်မြို့ ဆက်သွယ်ရေးရုံး၌ တာဝန်ရှိသူများက စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆိုင်ရာတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မကွေးမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေး စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် မင်းဘူးမြို့သို့ ရောက်ရှိပြီး မိုက္ကရိုဝေ့ဗ်စက်ခန်း၌ GSM စက်ပစ္စည်းများ ဆက်သွယ်ဆောင်ရွက်မှုများကိုကြည့်ရှုစစ်ဆေးပြီး အဝေးဆက်သွယ်မှုလိုင်းများ ပိုမိုကောင်းမွန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မင်းဘူးမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသို့ ဝင်ရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်၂၅ရက်က ရန်ကင်းမြို့နယ် ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က မြို့နယ်များအလိုက် ပြိုင်ပွဲများတွင် တတိယဆုရ သင်္ဃန်းကျွန်းမြို့နယ်အား ဆုချီးမြှင့်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် လက်ခံယူစဉ်။ (၁၂၁)

ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာကျောင်းများ ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဩဂုတ် ၁၈ရက်မှ ၁၉ရက်အတွင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အထက-ညောင်ရွှေ၊ အထက(ခွဲ) ညောင်ရွှေ၊ အလက(၂)၊ အမက(၃)၊ အထက-မိုင်းသောက်၊ အမက-ပေပင်၊ အမက-မိုင်းသောက်၊ အလက-နန်းပန်၊ အထက-အင်းပေါခုံ၊ အမက-ပေါက်ပါး၊ အမက-ကြာတော၊ အထက(ခွဲ)သာလေး၊ အထက-ဟဲယာရွာမ၊ အထက-ကြေးစားကုန်းတို့နှင့် ကလောမြို့နယ်ရှိ အထက-ဟဲဟိုးတို့ကို ရောက်ရှိပြီး စာပေသင်ကြားမှု၊ လက်တွေ့ခန်းများ အသုံးပြုသင်ကြားနေမှု၊ မာလ်တီမီဒီယာ စာသင်ခန်းများ၊ Language Lab များအသုံးပြုမှု၊ ကျောင်းအဆောက်အအုံများနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ညောင်ရွှေခန်းမတွင် ညောင်ရွှေမြို့ပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းချီအနုပညာပြိုင်ပွဲ၊ပြပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အလုပ်အမှုဆောင်အစည်းအဝေးကို ဩဂုတ် ၂၆ရက်က ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်း၌ကျင်းပရာ သဘာပတိ ဒုတိယဥက္ကဋ္ဌဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကြည်ဝင်း (Today)က လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြသည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ထွန်းဖောင်ဒေးရှင်းဘဏ် ပန်းချီအနုပညာပြိုင်ပွဲ၊ပြပွဲကျင်းပရန် စီစဉ်ထားသည်။

ရည်ရွယ်ချက်

မြန်မာ့ပန်းချီအနုပညာများကို ပြည်သူများ ခံစားသိရှိပြီး နိုင်ငံတကာနယ်ပယ်တွင် ပေါ်လွင်ထင်ရှားလာစေရန်၊ ပန်းချီလက်ရာမွန်များ ပေါ်ထွက်လာပြီး ထူးချွန်ထက်မြက်သော မျိုးဆက်သစ် ပန်းချီပညာရှင်များကို ဖော်ထုတ်ရန်၊ မြန်မာ့ရေမြေတောတောင်သဘာဝအလှနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို ပန်းချီပညာဖြင့် သရုပ်ဖော်ရန်နှင့် ခေတ်ပြိုင်ပန်းချီအနုပညာများ တိုးတက်ဖြစ်ထွန်းလာစေရန်နှင့် ပန်းချီပညာဖြင့် မြန်မာ့ယဉ်ကျေးမှုဂုဏ်ဒြပ်ကို ပိုမိုထွန်းပြောင်လာစေရန် ရည်ရွယ်ချက်များထား၍ ထွန်းဖောင်ဒေးရှင်းဘဏ်မှ စီစဉ်ကျင်းပပြီး မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ပါဝင်ကူညီမည့် Tun Foundation Bank Best Painting of Year -2008 ပန်းချီပြိုင်ပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။

ပေးပို့

ပညာရှင်ရေးဆွဲသော ပန်းချီကားကို (၅×၇)လက်မအရွယ် ဓာတ်ပုံရိုက်၍ နစ်ပုံ(သို့မဟုတ်) CD ပေးပို့ရမည်ဖြစ်ပြီး နေရပ်လိပ်စာ၊ ဆက်သွယ်ရန် တယ်လီဖုန်းများ အပြည့်အစုံဖော်ပြရမည့်အပြင် အောက်တိုဘာ ၃၁ရက် နောက်ဆုံး ထား၍ အမှတ် ၅၃/၆၁ ကမ်းနားလမ်းနှင့် သိမ်ဖြူလမ်းရှိ ထွန်းဖောင်ဒေးရှင်းရုံးသို့ ပေးပို့ရမည်ဖြစ်သည်။

လက်မှတ်

ပထမအဆင့် ရွေးချယ်ခြင်းခံရသော ပန်းချီပုံများအတွက် ပန်းချီပညာရှင်များထံ အကြောင်းပြန်ကြားမည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသူ ပညာရှင်များ၏ ပန်းချီကားမူရင်းများကို အထက်ဖော်ပြပါ ထွန်းဖောင်ဒေးရှင်းရုံးလိပ်စာသို့ နိုဝင်ဘာ ၂၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲဝင် မူရင်းပန်းချီကားများ ပေးပို့ရာတွင် ပန်းချီကား၌ပန်းချီပညာရှင်၏ လက်မှတ် ပါရှိရမည်ဖြစ်ပြီး ဆုများကို ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ် ၂၅ သိန်း၊ တတိယဆု ကျပ်သိန်း ၂၀၊ စတုတ္ထဆု ကျပ်၁၅သိန်း၊ အထူးဆုခြောက်ဆုကို တစ်ဆုလျှင် ကျပ်၁၀သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(ရိုးရာပန်းပညာရှင်များအစည်းအရုံး)

ငွေကျပ် ၈၄၅သိန်း ခိုးယူသွားသူအား ဖော်ထုတ်ဖမ်းဆီးမိ

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက်ရှိ Pearl Sea Co., Ltd. ပိုင် ငွေကျပ်၈၄၅သိန်း ခိုးယူသွားသူ တရားခံမောင်စန်း(ခ)အားလုံးအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ သက်သေခံပစ္စည်းများနှင့်တကွ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

အမှုဖွင့်အရေးယူ

ဖြစ်ပွားပုံမှာ ဩဂုတ် ၂၂ရက် နံနက် ၇နာရီ၁၅မိနစ်တွင် Pearl Sea Co., Ltd. မှ ငွေကိုင်မှူးနှင့်မန်နေဂျာတို့သည် ပုဇွန်တောင်ဆိပ်ကမ်းတွင် ငါးများရောင်းရန်ထွက်လာခဲ့ကြောင်း၊ ကုမ္ပဏီမှ နံနက်၆နာရီခွဲတွင် ထွက်သွားသော စကားပြန် မောင်စန်း(ခ)အားလုံးမှာ ချိန်းဆိုထားသည့် အချိန်ရောက်ရှိမလာသဖြင့် မသင်္ကာဖြစ်ပြီး မွန်းတည့်၁၂နာရီတွင် ကုမ္ပဏီသို့ ပြန်ခဲ့ပြီး ငွေများထားသော အခန်းအား စစ်ဆေးကြည့်ခဲ့ကြောင်း၊ ငွေကျပ် ၈၄၅သိန်း ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ကြည့်မြင်တိုင်ရဲစခန်းသို့ တိုင်တန်းရာ စခန်းမှ (ပ)၁၀၃၃/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၁ ဖြင့် အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ

ပြစ်မှုကျူးလွန်သူ မောင်စန်း(ခ)အားလုံးသည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိ၍ တရားခံဖမ်းဆီးရမိရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ရွှေဟသ်ာဟိုတယ်တွင်တည်းခိုနေသော တရားခံ မောင်စန်း(ခ)အားလုံးအား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဩဂုတ် ၂၃ရက် ည၁၀နာရီတွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ ခိုးယူသွားသောငွေများနှင့် ဝယ်ယူထားသည့် ရွှေတုံးခြောက်တုံး၊ ရွှေဆွဲကြိုး ၂၂ကုံး၊ ရွှေဟန်းချိန်း ၁၁ခု စုစုပေါင်း အလေးချိန် ၁၂၄ကျပ်သား၊ ၁၃ပဲ၊ ၂ရွေးနှင့် ငွေသားကျပ်၅၆၃၀၀၀ တို့ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သဖြင့် ကြည့်မြင်တိုင် ရဲစခန်းမှ အမှုအား ခိုင်မာစွာ တည်ဆောက်၍ တရားစွဲတင်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပင်လည်ဘူးမြို့နယ်၌ စက်ရေတွင်းတူးဖော်

ပင်လည်ဘူး ဩဂုတ် ၂၇

ပင်လည်ဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းဖေမြင့်နှင့်အငယ်တန်းအင်ဂျင်နီယာ(၃)တို့သည် ဇူလိုင်၂၇ရက်က တောဗျားကျေးရွာ စက်ရေတွင်းတူးဖော်ဆောင်ရွက်မှုကို ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်ကြောင်းနှင့် အဆိုပါ စက်ရေတွင်းသည် အလှူရှင်လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အနက်ပေ၂၀၀ရှိကာ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၉၀၀ ထွက်ရှိသဖြင့် ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာသုံးစွဲလျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဩဂုတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

(ဆရာဝန်အသင်း)

ပန်းလိုချင် အပင်ကိုပျိုးပါ

မောင်ဒွဲ့ဒိုး

မောင်ဒွဲ့ဒိုး ။ ။ သူငယ်ချင်း စာကြမ်းပိုးကြီး၊ ဘာတွေ စိတ်ဝင်စားစရာပါလို့ သတင်းစာကို ဒီလောက် သဲကြီးမဲကြီး ဖတ်နေရတာလဲကွ။

စာကြမ်းပိုး ။ ။ ကမ္ဘာ့အရေး၊မြန်မာ့အရေးတွေပေါ့ကွာ။ အခုကျင်းပပြီးသွားတဲ့ ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲတော်ကြီး သတင်းတွေနဲ့ မြန်မာနိုင်ငံကိုလာသွားတဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်မှာ ဆွေးနွေးချက် သတင်းတွေကို ဖတ်ပြီး စဉ်းစားစရာအတွေးလေးတွေ ပေါ်လာနေလို့ပါ။

ဒိုး ။ ။ ကဲ-မင်းစဉ်းစားမိတာလေးတွေ ပြောပြစမ်းပါဦးကွာ၊ ဒို့လဲ ကြားရ နာရတာပေါ့။

ပိုး ။ ။ ဒီလိုပါကွာ၊ အခု တရုတ်နိုင်ငံမှာ ကျင်းပပြီးသွားတဲ့ ပေကျင်း အိုလံပစ်ပွဲတော်ဟာ တရုတ်အစိုးရအနေနဲ့ ၁၉၇၈ ခုနှစ်ကစပြီး သူတို့ဆောင်ရွက်လာခဲ့တဲ့ တရုတ်ပြည်ကြီးရဲ့ ခေတ်မီတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ၊ နှစ်ပေါင်း၃၀ အတွင်းမှာ ဘယ်လောက်အထိ အောင်မြင်ခဲ့တယ်ဆိုတာ ကမ္ဘာ့သတင်းမီဒီယာတွေရှေ့မှာ မျက်ဝါးထင်ထင်ပြသဖို့ အခွင့်ကောင်းကြီး တစ်ရပ်ပဲလေ။ ဒါကြောင့်မို့ ငွေကုန်ကြေးကျတွေ အများကြီး ခံပြီးတော့ ဒီပွဲတော်ကြီး အောင်အောင်မြင်မြင် ခမ်းခမ်းနားနား ကျင်းပနိုင်ဖို့ ၁၀နှစ်ကျော်လောက်ကတည်းက ကြိုတင်ပြင်ဆင်လာခဲ့ကြတာပေါ့။

ဒိုး ။ ။ အေးလေ၊ ပေကျင်းအိုလံပစ်ဟာ ကမ္ဘာ့အိုလံပစ်သမိုင်းမှာ အကြီးကျယ်အခမ်းနားဆုံးလို့ ပြောစမှတ်ပြုရလောက်အောင် ဒေါ်လာဘီလီယံ ၄၀လောက် အကုန်ခံပြီး ပေကျင်းတစ်မြို့လုံးကိုပါ အသစ်မြှင့်တင် ပြုပြင်တည်ဆောက်ခဲ့တာ ရုပ်မြင်သံကြားတွေမှာ တွေ့ခဲ့၊ မြင်ခဲ့ကြရတာပဲ။

ပိုး ။ ။ ဒီလို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြုပြင်တည်ဆောက်မှုတွေတင်မက ဘူး၊ အားကစားပြိုင်ပွဲတွေမှာ အစစအရာရာ အဆင်ပြေချောမွေ့ဖို့ အစားအသောက် နေရာထိုင်ခင်းကအစ၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လုံခြုံရေးကအစ စီမံပြင်ဆင်ခဲ့ရတဲ့ လုပ်ငန်းပမာဏကလည်း သေးသေးမဟုတ်ဘူး။ ဖွင့်ပွဲအခမ်းအနားတစ်ခုတည်းကိုတောင်မှ လူသောင်းနဲ့ချီပြီး တစ်နှစ်ကျော်လောက် ကြိုတင် လေ့ကျင့်ခဲ့ကြရတာလေ။ ဒီကြားထဲမှာ မနာလိုမရှုဆိတ်တဲ့ လူတွေရဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ၊ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ၊ စီချွမ်ငလျင်လို သဘာဝဘေးဒဏ်ဆိုးကြီး ခံလိုက်ရတာမျိုးတွေကလည်း ရှိသေးတယ်။ ဒီနေရာမှာ ငါပြောချင်တာက ဒီလောက်ကြီးမားတဲ့ လုပ်ငန်းကြီးကို အခက်အခဲတွေအမျိုးမျိုးကြားထဲက ထူးထူးခြားခြား အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာဟာ တရုတ်အစိုးရချည်းသက်သက်နဲ့ကတော့ ဘယ်လိုမှ မစွမ်းနိုင်ဘူး။ တရုတ်ပြည်သူတစ်ရပ်လုံးက အမျိုးသားအရေးလို့ခံယူပြီး တစည်းတလုံး၊ တညီတညွတ်တည်း ဝိုင်းပြီးကူညီ ကြိုးပမ်းခဲ့ကြလို့ အောင်မြင်ခဲ့တာပဲ။

ဒိုး ။ ။ အဲတော့- မင်းဆိုလိုချင်တာက ...

ပိုး ။ ။ အေးလေကွာ၊ တရုတ်နိုင်ငံဟာ ကမ္ဘာ့အိုလံပစ် အားကစားပွဲကို အိမ်ရှင်အဖြစ် အောင်အောင်မြင်မြင်လက်ခံကျင်းပနိုင်ဖို့ အချိန်ယူပြီး ပြင်ဆင်ခဲ့ရတယ်။ ဒို့မြန်မာနိုင်ငံမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲအတည်ပြုပြီးလို့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ဖို့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်မှာ ပဉ္စမအဆင့်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ပြည့်နှစ်မှာ ကျင်းပတော့မှာဆိုတော့ ပြင်ဆင်ဖို့အချိန် နှစ်နှစ်ဝန်းကျင်လောက်ပဲ ကျန်တော့တာ မဟုတ်လား။ အဲဒီတော့ မြန်မာ့နိုင်ငံရေး တစ်ခေတ်ပြောင်းရာမှာ အဓိကဇာတ်ဆောင်တွေဖြစ်တဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေနဲ့၊ မြန်မာပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ဖို့ ပြင်ဆင်သင့်ကြပြီဆိုတာ တွေးမိလို့ပါ။

ဒိုး ။ ။ ဒါကတော့ကွာ၊ မင်းလည်းသိတဲ့အတိုင်းပဲ။ ပါတီတွေ၊ အဖွဲ့အစည်းတွေဆိုတာကတော့ ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံတဲ့သူတွေက အားပေးကူညီဖို့ ပြင်ဆင်နေပြီး ဆန့်ကျင်တဲ့သူတွေကတော့ နှောင့်ယှက်ဖျက်ဆီးဖို့ ကြံစည်နေကြမှာပေါ့။

ပိုး ။ ။ မင်းပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီဆိုတာ ‘‘အများပြည်သူက အုပ်စိုးခြင်း’’ လို့ အဓိပ္ပာယ်ရတော့ ဒီမိုကရေစီရဲ့ တကယ့် အဓိကဇာတ်ဆောင်ဖြစ်တဲ့ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကိုလည်း ဒီနေရာမှာ အလေးထားဖို့ ပြောချင်တယ်။ မင်းတို့ ငါတို့က ဘယ်ပါတီဝင်မှလည်း မဟုတ်ဘူး၊ သာမန်ပြည်သူတွေပဲလေ။ သာမန်ပြည်သူတွေမို့ ငါတို့ရဲ့ ထင်မြင်ယူဆချက်၊ ခံစားချက်တွေကို လျစ်လျူမရှုသင့်ဘူးလေကွာ။

ဒိုး ။ ။ မင်းဘယ်လိုပြောပြော နိုင်ငံရေးသမားဆိုတာကတော့ ပြည်သူလူထုကို မဲမရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်၊ မဲရပြီးတာနဲ့ ဖျာလိုခင်းပြီး နင်းတတ်တာ ကမ္ဘာ့ဒီမိုကရေစီ နိယာမကြီးလို ဖြစ်နေပါပြီကွာ။

ပိုး ။ ။ အမှန်ပေါ့ကွာ။

ဒိုး ။ ။ ဒါတင်ဘယ်ကမလဲ၊ ငါတို့မြန်မာပြည်က တချို့ပုဂ္ဂိုလ်များဆိုရင် သူတို့အာဏာရဖို့ ပြည်သူလူထုကို စီးပွားရေးပိတ်ဆို့ခံပြီး အငတ်နေကြပေ့စေလို့ သဘောထားကြတာ၊ ပြီးတော့ သူတို့အာဏာရဖို့ မသိနားမလည်တဲ့ ပြည်သူတွေကို သွေးထိုးလှုံ့ဆော်ပေးပြီး မတည်မငြိမ်ဖြစ်အောင် တွန်းပို့ခဲ့ကြတာ ပိုဆိုးတာပေါ့ကွာ။

ပိုး ။ ။ ဒါကြောင့် ငါက ပြောချင်တာ၊ **ဒို့ပြည်သူလူထုဟာ မပြောချင်လို့ အသာကလေး ခပ်အေးအေးနေကြပေမယ့် သူတို့ပြောသလို ငအ ငတုံးတွေတော့ မဟုတ်ဘူးကွ။ နိုင်ငံရေးသမားတွေ နားလည့်တိုင်း ခံနေမယ့်သူတွေလည်း မဟုတ်ဘူး၊ ဘယ်ပါတီပဲ တက်တက်၊ ဘယ်သူတွေပဲ အုပ်ချုပ်အုပ်ချုပ် ဒို့ပြည်သူတွေ လိုချင်တာကတော့ ထမင်းကြမ်း ယပ်ခတ်စားပြီး ခပ်အေးအေးပဲ နေချင်တယ်။ အခု ကမ္ဘာမှာဖြစ်နေတဲ့ အီရတ်တို့လို၊ အာဖဂန်နစ္စတန်တို့လို ဒီမိုကရေစီအမည်ခံပြီး အသက်ဖက်နဲ့ထုပ်ထားရတဲ့ မတည်မငြိမ်တိုင်းပြည်မျိုးဘဝတော့ မရောက်ချင်ဘူးကွာ။ တိုင်းပြည်တည်ငြိမ်မှ စီးပွားရေးဆိုတာ လုပ်လို့ရတာကွ။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်တွေဆိုလည်း ဒါပဲကြည့်နေတာ။ နည်းနည်း မတည်မငြိမ်ဖြစ်တာနဲ့ ရင်းနှီးထားတာတွေ ပြန်ထုတ်ပြီး လစ်ပြေးကြတာပဲ။ ပြည်သူလူထုဆိုတာလည်း ကိုယ်လုပ်မှ ကိုယ်စားရတာ။ ဘယ်နိုင်ငံရေးသမားကမှ ထောက်ပံ့ပေးထားတာ မဟုတ်ဘူး။ မတည်မငြိမ်ဖြစ်ပြီဆိုတာနဲ့ အရောင်းအဝယ်ပျက်၊ အလုပ်အကိုင်ပျက်၊ ကုန်ဈေးနှုန်းတွေတက်၊ ခံရတော့ ပြည်သူလူထုပဲ၊ အဲတော့ ဒို့ပြည်သူတွေကတော့ လုံလုံခြုံခြုံ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်စီးပွားကိုယ် လွတ်လွတ်လပ်လပ် ရှာဖွေစားသောက်နိုင်ဖို့က အဓိကပဲလေ။ လွတ်လွတ်လပ်လပ်ဆိုတာကလည်း တရားဥပဒေဘောင်ထဲကပဲပေါ့ကွာ၊ သမ္မာအာဇီဝပေါ့။ ဒါဆိုရင်ပဲ အတော်ဟုတ်လှပါပြီ။ အခုလာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ဒီအချက်တွေကို အာမခံချက်ပေးနိုင်တာမို့ ဒို့ပြည်သူတွေကတော့ ထောက်ခံပြီးသားပဲ။ ဒါကြောင့် ဒီမိုကရေစီလည်း မြန်မြန်လိုချင်ပြီပေါ့ကွာ။**

ဒိုး ။ ။ မင်းတို့၊ ငါတို့ ပြည်သူလူထုကတော့ ဟုတ်တာပေါ့ကွ၊ ဒါပေမယ့် တချို့နိုင်ငံရေးသမားတွေကတော့ ဒီမိုကရေစီစစ်တယ် မစစ်ဘူး၊ ၁၆ ပဲရည်လား ၁၄ ပဲရည်လားနဲ့ ကြေးများနေကြတုန်းပဲဟ။

ပိုး ။ ။ ဒါကတော့ကွာ၊ သိကြားမင်း နွားယောင်ဖန်ဆင်းတာတောင် အမြီးတိုတယ်၊ ချိုကားတယ် လုပ်တတ်ကြသေးတာ၊ တကယ်တော့ နိုင်ငံရေးမှာ သဘောတရား Idealism နဲ့ လက်တွေ့ဘဝ Realism ကို မျှမျှတတပေါင်းစပ်နိုင်မှ အသုံးဝင်တဲ့ လမ်းစဉ်တစ်ခုကို ရနိုင်တာကွ။ အမြဲတမ်း စာအုပ်ကြီးနဲ့ တိုက်ကြည့်နေလို့တော့ အလုပ်မဖြစ်နိုင်ဘူးပေါ့။ အခု တရုတ်နိုင်ငံကိုပဲ ကြည့်လေ ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်ဆိုပြီး ဝိရောဓိနှစ်ခုကို သမူဟဖြစ်အောင် ပေါင်းစပ်ထားတာ အောင်မြင်နေတာပဲ မဟုတ်လား။ ဒါကို လစ်ဘရယ်ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးစနစ်ကမှ သဟဇာတဖြစ်တယ်လို့ စာအုပ်ကြီးကိုင်ပြီး ငြင်းနေလို့ အလကားပဲလေ။ ဒီလောက်ကြီးမားပြီး လူဦးရေများတဲ့ တိုင်းပြည်ကြီးကို တစ်ပါတီစနစ်နဲ့ ငြိမ်အောင်ထိန်းထားပြီး ဈေးကွက်စီးပွားရေးနဲ့ ဖွံ့ဖြိုးအောင် လုပ်ပေးထားတဲ့ သူ့မူဝါဒနဲ့ သူတော့ ဟုတ်နေတာပဲ။ ရွှေတိဂုံဘုရားကြီး တက်ဖူးသလိုပေါ့ကွာ၊ ဘယ်မုခ်က တက်တက်၊ စက်လှေကားပဲ စီးစီး၊ ဓာတ်လှေကားပဲ စီးစီး ရင်ပြင်တော်ပေါ်ရောက်ဖို့ အဓိကပဲ မဟုတ်လား။ ကိုယ့်မြေ ကိုယ့်ရေ၊ ကိုယ့်အခြေအနေနဲ့ကိုယ် အဆင်ပြေသလို လုပ်ကြရတာပဲလေ။ အရေးကြီးတာက ဒီလမ်းစဉ်ဟာ နိုင်ငံရဲ့ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်နိုင်ဖို့ပဲ။

ဒိုး ။ ။ တချို့ကတော့လည်း နိုင်ငံအကျိုးစီးပွားထက် ကိုယ့်အကျိုးစီးပွား အာဏာရရေးကိုပဲ ရှေ့တန်းတင်ပြီး ရှေ့ကလည်း မသွား၊ နောက်ကလည်း မလိုက်၊ အတူတူလည်း မပါ၊ ကတ်ဖဲ့တိုက်နေတာမျိုးလည်း ရှိနေသေးတယ် ကိုယ့်လူရဲ့။

ပိုး ။ ။ အင်း၊ဒါလည်း ‘‘လူအမျိုးမျိုး၊စိတ်အထွေထွေ’’ပေါ့ သူငယ်ချင်းရယ်၊ လူဆိုတာတော့ တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းကတော့ ဘယ်လိုမှ မတူနိုင်ကြဘူးလေ။ အဲတော့ သဘောထားချင်း တိုက်ဆိုင်တာလည်း ရှိမယ်။ မတိုက်ဆိုင်တာတွေလည်း ရှိကြမှာပဲ။ ဒါပေမယ့် အကျိုးစီးပွားချင်းတူရင် ညှိယူလို့ရပါတယ်။ အခုခေတ်မှာ ပြောနေကြတဲ့ ‘‘Win-Win’’ဆိုတဲ့ နှစ်ဦးနှစ်ဖက် မျှမျှတတအကျိုးရှိတဲ့ အဖြေမျိုးပေါ့။ **အခု မစ္စတာဂမ်ဘာရီနဲ့ တွေ့ဆုံရာမှာ နိုင်ငံတော်အစိုးရ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ရဲ့ ပြောကြားချက်တွေကိုကြည့်ရင် လာမယ့်ရွေးကောက်ပွဲမှာ အစိုးရကို ဆန့်ကျင်နေသူတွေရော၊ ထောက်ခံတဲ့သူတွေကိုပါ ဥပဒေနဲ့အညီ ပါတီထူထောင်ခွင့်၊ စည်းရုံးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်တွေ ပေးမယ်လို့ ဆိုထားပြီးသားပဲ။ ဒီလိုပဲ အခြေခံဥပဒေသစ်ကို ဆန့်ကျင်တဲ့သူရော ထောက်ခံတဲ့သူတွေပါ ဒီအခွင့်အရေးတွေရကြမယ်လို့ ကတိပေးထားတာ၊ အစိုးရဘက်ကတော့ တာဝန်ကျေပြီလို့ ထင်တယ်။ ပြီးတော့လည်း လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် စီစဉ်ပေးပါမယ်လို့လည်း ကုလသမဂ္ဂ အထူးအကြံပေးပုဂ္ဂိုလ်ကြီးကို အခိုင်အမာပြောခဲ့တာပဲလေ။ အဲတော့ ကမ်းထားတဲ့လက်ကို လှမ်းဆွဲလိုက်ဖို့ပဲ လိုတော့တာပါ။ တကယ်သာ တိုင်းပြည်အကျိုးစီးပွားကို ရိုးရိုးသားသား လိုလားတဲ့သူတွေမှန်ရင် ဒီလို အေးအေးချမ်းချမ်းနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်မယ့် အခွင့်အရေးကို ဘယ်သူမှ လက်လွှတ်ခံမှာ မဟုတ်ပါဘူးကွာ။ အဲလိုသာ အစိုးရဘက်ကရော၊ နိုင်ငံရေး အင်အားစုတွေကပါ အတူလက်တွဲပြီး ဒီမိုကရေစီနိုင်ငံသစ်ကို ညီညီညွတ်ညွတ်ထူထောင်နိုင်ကြမယ်ဆိုရင် ဒို့ပြည်သူတွေအားလုံးက ဝမ်းမြောက်ဝမ်းသာ ထောမနာပြုကြမှာပါ။**

ဒိုး ။ ။ သူငယ်ချင်းပြောသလို ဖြစ်လာနိုင်ရင်တော့ အကောင်းဆုံးပေါ့ကွာ။ ဒါပေမယ့် လောကမှာ အပြုနဲ့ အဖျက်ဆိုတာကလည်း အမြဲတွန်တွဲနေတတ်သေးတာလေ။

ပိုး ။ ။ ဒါလည်း ဟုတ်ပါတယ်။ သို့သော်လည်း ဒီနေရာမှာ ပြည်သူလူထုရဲ့ သဘောထားဆန္ဒက အရေးအကြီးဆုံး အင်အားပဲ။ ပြီးခဲ့တဲ့ ပြည်သူ့ဆန္ဒခံယူပွဲမှာ အခြေခံဥပဒေကို ထောက်ခံမဲပေးခဲ့သူ ၉၂ဒသမ ၄၈ရာခိုင်နှုန်းရှိခဲ့တာကို ကြည့်မယ်ဆိုရင် ပြည်သူလူထုက မူဝါဒလမ်းစဉ်(၇)ရပ်ကို အတည်ပြု လက်ခံခဲ့တဲ့သဘော၊ ဒီလုပ်ငန်းတွေ မြန်မြန်ပြီးစီးပြီးတော့ ဒီမိုကရေစီနိုင်ငံသစ်ကို မြန်မြန်ရောက်ချင်တဲ့သဘောကို ဖော်ပြနေတာပဲလေ။ ပြီးတော့လည်း ဒီမူဝါဒလမ်းစဉ်(၇)ရပ်က ကုလသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုထားပြီးသားကိစ္စပဲ။ ဒါကို ရှေ့ဆက်သွားမယ့်လမ်းကြောင်းမှာ ဖီလာကန့်လန့် လုပ်နေဦးမယ်ဆိုရင် ပြည်သူလူထုရဲ့ စိတ်ဆန္ဒနဲ့ ဆန့်ကျင်ဘက်ဖြစ်ပြီး လူထုရဲ့ ဆန့်ကျင်ပယ်ချမှုကို ခံရမှာ မလွဲမသွေပဲပေါ့။ တကယ်တော့ ဒို့နိုင်ငံမှာ ဒီမိုကရေစီ ပျိုးခင်းကို အခုမှ ပျိုးထောင်ပြုစုမလို့ မြေပြင်နေရတုန်းပဲ ရှိပါသေးတယ်။ဒါကို ပန်းပွင့်တဲ့အခါ ကိုယ်က ဦးနိုင် ခူးနိုင်ဖို့ အတွက် အခုကတည်းက ပျိုးခင်းကိုနင်းခြေ၊ ပျိုးပင်အညွှန့်အညှောက်ကလေးတွေကို ချိုးဖြတ်ခြွေချဖို့ ကြိုးစားမယ်ဆိုရင် ဘယ်လိုလုပ်ပြီး အကျိုးရှိနိုင်ပါ့မလဲ။ ပန်းလိုချင်ရင် အပင်ကို ပျိုးကြရမှာလေ။ ဒီမိုကရေစီဆိုတာ ငြိမ်းချမ်းတဲ့နည်းနဲ့၊ အသိပညာနဲ့ယှဉ်ပြီးယူမှ ရနိုင်တာပါ။ ဆူပူအုံကြွတဲ့ နည်းနဲ့ ရယူဖို့ကြိုးစားရင် ဒီမိုကရေစီတော့ မရနိုင်ဘူး။ လူအုပ်ဖွဲ့ အနိုင်ကျင့်တဲ့ Mobocracy ပဲ ရလိမ့်မယ်။ အကြမ်းဖက်တဲ့ နည်းနဲ့ယူရင်လည်း မင်းမဲ့ဝါဒ Anarchy ပဲ ရလိမ့်မယ်။ မဲဆန္ဒရှင် လူထုကို မဟုတ်မမှန်တဲ့ ကတိမက်လုံးတွေနဲ့ လိမ်ညာမဲဆွယ်ပြီး ယူရင်လည်း ရွေးကောက်ပွဲ အဓိကဝါဒ Electocracy ပဲဖြစ်လိမ့်မယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ဗဟိုပြုပြီး မှီခိုလွန်းရင်လည်း Autocracy ပဲ ဖြစ်လိမ့်မယ်။ လူထုကို မဲထုတ်စက်လို သဘောထားပြီး လူနည်းစု ရေပေါ်ဆီ လူတတ် လူလည်တစ်သိုက်က အုပ်ချုပ်ဖို့ ကြိုးစားရင်လည်း Polyarchy ပဲ ဖြစ်မယ်။ ဒီမိုကရေစီတော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီမိုကရေစီ အသီးအပွင့်တွေကို အမြန်ဆုံးရယူခံစားချင်တယ်ဆိုရင် အခုပြောခဲ့တဲ့ မျိုးမမှန်တဲ့ ဒီမိုကရေစီအတု မျိုးစေ့တွေကို ဖယ်ရှားပြီး မျိုးစေ့လည်းမှန်၊ အပင်လည်း သန်အောင် မြန်မာပြည်ကြီး ကောင်းကျိုးလိုလားတဲ့ အင်အားစုအားလုံးက ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်း ပြုစုပျိုးထောင်၊ ရေလောင်း၊ ပေါင်းသင် စောင့်ရှောက်ပြင်ဆင်ပေးနိုင်ကြမှ ဖြစ်မယ်လို့ ပြည်သူထဲက ပြည်သူ တစ်ယောက်အနေနဲ့ ပြောချင်တာပါပဲကွာ။ ။

ဒို့ပြည်သူတွေကတော့ လုံလုံခြုံခြုံ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ ကိုယ့်စီးပွားကိုယ် လွတ်လွတ်လပ်လပ်ရှာဖွေစားသောက်နိုင်ဖို့က အဓိကပဲလေ။ လွတ်လွတ်လပ်လပ်ဆိုတာကလည်း တရားဥပဒေဘောင်ထဲကပဲပေါ့ကွာ၊ သမ္မာအာဇီဝပေါ့။ ဒါဆိုရင်ပဲ အတော်ဟုတ်လှပါပြီ။ အခုလာမယ့် ဒီမိုကရေစီနိုင်ငံတော်သစ်မှာ ဒီအချက်တွေကို အာမခံချက်ပေးနိုင်တာမို့ ဒို့ပြည်သူတွေကတော့ ထောက်ခံပြီးသားပဲ။ ဒါကြောင့် ဒီမိုကရေစီလည်း မြန်မြန်လိုချင်ပြီပေါ့ကွာ။

28-8 (10).pmd 1 8/29/2008, 3:15 AM

စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်ဖြင့် လျှပ်စစ်မီးနှင့် ရေတင်အသုံးပြုမှု အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကြည့်ရှုစစ်ဆေး

စက်သုံးဆီချွေတာနိုင်ပြီး ကုန်ကျစရိတ်သက်သာ လယ်ကွက်များရေတင်ရန် တောင်သူများစီစဉ်နေ

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၂၃ ရက်က မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာရှိ တောင်သူလယ်သမားများအား တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်ရေး ကိစ္စရပ်များနှင့် ရေရရှိရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့နယ် ညောင်ကားယားကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ကြည့်ရှုစစ်ဆေး

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်(GASIFIER)ဖြင့် တစ်လုံး ထိုးအင်ဂျင် မြင်းကောင်ရေ (၁၅) အင်ဂျင်စက်အားမောင်းနှင်၍ ညပိုင်းလျှပ်စစ်မီးနှင့် ရေတင်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးသည်။

စီစဉ်ဆောင်ရွက်နေ

စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ကို အသုံးပြုသဖြင့် ယခင်က အင်ဂျင်စက် သုံးရာတွင် ၁၂ နာရီကြာ အသုံးပြုပါက ဒီဇယ်ဆီနှစ်ဂါလန် အသုံးပြုခဲ့ရာမှ ဓာတ်ငွေ့ထုတ်စက် အသုံးပြုသောကြောင့် ဒီဇယ်ဆီဂါလန်ဝက်သာသုံးရပြီး စပါးခွံကို တစ်နာရီလျှင် ၁၂ ပြည် အသုံးပြုရသဖြင့် စက်သုံးဆီအသုံးပြုရမှု ချွေတာနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာသဖြင့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ဖြင့် ပတ်ဝန်းကျင်ရှိ ကဖြူကျေးရွာ၊ ရွှေလုံကျေးရွာတို့တွင် လယ်ကွက်များ ရေတင်လုပ်ငန်းဆောင်ရွက်ရန် တောင်သူများက စီစဉ်ဆောင်ရွက်နေကြကြောင်း သိရှိရသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ရွှေလုံ၊ ညောင်အိုင် ဆက်သွယ်သည့် ကားလမ်းဘေးဝဲယာတွင် ဇောင်ချမ်းကုန်းကျေးရွာတစ်ဝိုက်၌ မိတ္ထီလာမြောက်ကန် ရေပေးမြောင်းမှ ပေးလွှတ်သည့်ရေဖြင့် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ပျိုးနုတ်နေကြသူများကို ကြည့်ရှုအားပေးသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ယင်းတော်ကျေးရွာ တစ်ဝိုက်တွင် ယင်းတော်ကန်ရေဖြင့် မိုးစပါးစိုက်ပျိုးမှု စိုက်ပျိုးပြီး စပါးခင်းများကို ကြည့်ရှုစစ်ဆေး၍ ဖျဉ်ဇင်းကျေးရွာရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို မှာကြားသည်။

ယင်းနောက် တောင်သူလယ်သမားများက ဒေသရှိ ရိုးကြီးဆည်နှင့် နတ်ကာကန်တို့ ရေပိုမိုသိုလှောင် ရရှိရေးတို့ကို ဆွေးနွေးတင်ပြကြရာ အထွေထွေအတွင်းရေးမှူးက ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဆည်၊ ကန်ငယ်များပြုပြင်ရေး၊ မျိုးလဲလှယ် စိုက်ပျိုးရေး၊ ဒီဇယ်ဆီအသုံးပြုမှု လျှော့နည်းပြီး ကုန်ကျစရိတ် သက်သာသည့် စက်မှုလယ်ယာ ဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ဖြင့် အင်ဂျင်စက်များ အသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတ သက်တော်(၇၉)နှစ်မြောက် ဝိဇာတမင်္ဂလာကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၂၇

မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇောတ၏ သက်တော်(၇၉)နှစ်မြောက် ဝိဇာတမင်္ဂလာ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မှန်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဇောတအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊ သံဃာတော်များအား တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် သရက်တောကျောင်းတိုက် သစ်တောကျောင်းမှ ဓမ္မာစရိယ(ဘီအေ) ဘဒ္ဒန္တပညာဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ အမှူးပြုသော ဧည့်ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား ဧည့်သည်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား Mitsubishi Corporation မှ Division Coo Ship, Aerospace& Transportation Systems Division မှ Senior Vice President, Mr.OsamuKomiyaနှင့် အဖွဲ့သည် ဩဂုတ်၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)** ထိုသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေး ကာကွယ်ရေး အလုပ်ရုံဆွေးနွေး

ဗန်းမော် ဩဂုတ် ၂၇

ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် UNICEF (ယူနီဆက်ဖ်)အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးမှုလေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက် နံနက် ၈နာရီက သာစည်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမြင့်အေးက သင်တန်းအစီအစဉ်များနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်း တင်ပြသည်။ အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စုမှသင်တန်းသူ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့်လှူဒါန်း ပစ္စည်းများကို ရန်ကုန်မြို့ စာပေဗိမာန် အဆောက်အအုံဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ဆက်သွယ် ပေးပို့လှူဒါန်းလျက်ရှိကြပြီး ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဆရာကြီး ဦးတင်စိုး(သာဂဒိုး)-ဒေါ်တင်တင်အေးတို့က ငွေကျပ်နှစ်သိန်း**(ဝဲပုံ)**နှင့် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဦးဆိုက်ကျင်က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)နှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

အလားတူအဖွဲ့က ရန်ပုံငွေအတွက် သျှင်နေမင်း(Excellent Model Agency)က ငွေကျပ်တစ်သိန်း၊ လေဘေးသင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မြိတ်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်သွယ်နိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် ဖုန်း-၃၈၅၂၇၃နှင့် ၂၅၂၄၁၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ထောက်ရှာပင်/ကမ်းနီရေနံမြေ စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဩဂုတ် ၂၃ရက် မွန်းလွဲပိုင်းက မကွေးတိုင်း မင်းဘူးမြို့နယ်ရှိ ထောက်ရှာပင်/ကမ်းနီရေနံမြေအတွင်း ရေနံထုတ်လုပ်လျက်ရှိသော တွင်းအမှတ် (၇၅၈) သို့ ရောက်ရှိစစ်ဆေးသည်။

ကြိုးစားဆောင်ရွက်

ရှင်းလင်းဆောင်တွင် ဝန်ကြီးအား တွင်းသစ်အမှတ် (၇၅၈) ၏ ရေနံထုတ်လုပ်နိုင်မှုအခြေအနေ၊ ရေနံမြေတစ်ခုလုံးမှ ရေနံထုတ်လုပ်မှုနှင့် တွင်းသစ်များ တူးဖော်မည့် အစီအမံများ၊ ပေနက်ရေနံ သဲကြောများမှ ရေနံထုတ်လုပ်နိုင်မည့် အလားအလာများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက ပေနက်ရေနံ သဲကြောများမှ ရေနံထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် တူးဖော်သွားမည့် အစီအမံများဆိုင်ရာ ရေ့လုပ်ငန်းစဉ်များ ချမှတ်ပေးပြီး တွင်းအမှတ်(၇၅၈)မှ ရေနံစိမ်း ထုတ်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းမှ နေ့စဉ်ရေနံစိမ်း စည် ၂၃၀ခန့် ထွက်ရှိပြီး ထောက်ရှာပင်ရေနံမြေမှ တစ်နေ့လျှင် ရေနံစိမ်း ၂၈၂၅ စည်ခန့် ထွက်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် ထောက်ရှာပင်/ကမ်းနီဒေသရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Focus Energy Limited ၏ ပစ္စည်းသိုလှောင်စခန်းသို့ သွားရောက်စစ်ဆေးပြီး ကုမ္ပဏီဝန်ထမ်းများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက မကွေးတိုင်း ရေနံချောင်းမြို့နယ်ရှိ ရေနံချောင်းရေနံမြေသို့ ရောက်ရှိပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိ သော Gold Petrol ရေနံကုမ္ပဏီလီမိတက်မှ တူးဖော်မည့် ရေနံတွင်းအမှတ် (၃၂၃၂)၏ တွင်းဧရိယာ ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ယင်းနောက် ရှင်းလင်းဆောင်တွင် ရေနံမြေအထွေထွေမန်နေဂျာ ဦးတင်မောင်ရီက ရေနံချောင်းရေနံမြေမှ ရေနံအထွက်တိုးရေးအတွက် တူးဖော်ထုတ်လုပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးအောင်သောင်း ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်းဆင်းပွဲနှင့် ရှေးဟောင်းဘုရားများပြုပြင်ရန် အလှူငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၇

ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၈)နှင့် လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း (၂/၂၀၀၈)သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ ရက်က နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေး ခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းခေါင်းဆောင်တစ်ဦးထံ ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၉၄ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာရှိ ရှေးဟောင်းဘုရားများ ပြုပြင်မွမ်းမံရန်နှင့် ကျောက်ဆည်စက်ရုံများနယ်မြေ မြင်စိုင်းမြို့ဟောင်းရှိ နန်းဦးဆုတောင်းပြည့်စေတီတော်ပြုပြင်ရန် အလှူငွေပေးအပ်ပွဲကို မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ နန်းဦးဆုတောင်းပြည့် စေတီတော်ပြုပြင်ရန် ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီမိသားစုနှင့် မန္တလေးစက်မှုဇုန် အလှူရှင်များက အလှူငွေကျပ်သိန်း၂၀ နှင့် ကျန်အလှူရှင်များက အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် ဖလန်ကန်ကျေးရွာရှိ ရှေးဟောင်းဘုရားများပြုပြင်မွမ်းမံရန် ဝန်ကြီး ဦးအောင်သောင်း၊ဇနီး ဒေါ်ခင်ခင်ရီ မိသားစုနှင့် မန္တလေးစက်မှုဇုန် အလှူရှင်များက စုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၁၀၀ကို ဂေါပကအဖွဲ့ဝင် ဦးအေးထွန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ပြတ်တောက်မှုမရှိစေရေး အတွေ့အကြုံနှင့်နည်းပညာပေါင်းစပ် စနစ်တကျစီမံဆောင်ရွက် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် စိန်ပန်းမြိုင်ဓာတ်အားခွဲရုံစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၂၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၂၅ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ ကမာရွတ်ဓာတ်အားခွဲရုံ အဆောက်အအုံနှင့် ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်မည့် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဓာတ်အားခွဲရုံအဝင်၊ အထွက်လမ်းဖောက်လုပ်မည့် မြေနေရာအခြေအနေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမြေနေရာနှင့် ခြံစည်းရိုးအုတ်တံတိုင်းကာရံမည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံ ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် အထွက်ပို့လွှတ် ဖြန့်ဖြူးပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ **(အပေါ်ပုံ)** ရန်ကုန်မြို့တော်အတွင်း လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် အတွေ့အကြုံနှင့်နည်းပညာများပေါင်းစပ်၍ စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဝန်ထမ်း အဆင့်အတန်းအားလုံးက အနာဂတ်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် ကြိုတင်မျှော်တွေးစနစ်ဖြင့် စေတနာထားအပင်ပန်းခံ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဘုရင့်နောင်ဓာတ်အားခွဲရုံနှင့် စိန်ပန်းမြိုင်ဓာတ်အားခွဲရုံ ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်စေရန် ကျိုက်ဝိုင်းဘုရားလမ်းတစ်လျှောက် 66KVဓာတ်အားလိုင်းတိုင်များ သွယ်တန်းတည်ဆောက်ထားရှိမှု အခြေအနေ၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းဆုံ၌ 66KV ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရုံး ဓာတ်အား ခွဲရုံ ဓာတ်အားအဝင်၊အထွက်ချိတ်ဆက်ပို့လွှတ်မှုနှင့် ထရန်စဖော်မာများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတ-သန်လျင် 230KVမဟာဓာတ်အားလိုင်း တာဝါတိုင် ၃၆ တိုင် သွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းများအနက် သာကေတဘက်ကမ်း တာဝါတိုင်များ တပ်ဆင်တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊သာကေတ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ဓာတ်အားအဝင်၊အထွက် ချိတ်ဆက်ပို့လွှတ်မှုအခြေအနေများနှင့် ဓာတ်အားခွဲရုံရှိ Control Panel Box များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဝနှင့်ပဲခူးမြို့နယ်အခြေခံပညာကျောင်းများ ပြုပြင်ရန် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဩဂုတ် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် အောင်မင်းသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ကဝမြို့နယ် ခမွန်ရွာမတွဲဖက်အလယ်တန်းကျောင်း၌ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ခမွန်ရွာမတွဲဖက်အလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေကျပ် ၁၂၅၀၀၀၀ကို ကျောင်းအုပ်ဆရာကြီး ဦးဝင်းရွှေထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် ခနာကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲသို့ရောက်ရှိပြီး အလျားပေ ၁၂၀× အနံပေ ၃၀ ရှိ စာသင်ဆောင် ပြန်လည်ဆောက်လုပ်ရန် ထောက်ပံ့ငွေကျပ် ၁၆၄၀၀၀၀ကို ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကျောင်းအုပ်ကြီး ဦးစောသာဘွဲ့အားလည်းကောင်း၊ ညောင်ဝိုင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပြန်လည်ပြုပြင်ရန် ထောက်ပံ့ငွေကျပ် ၂၈၅၀၀၀ကို ကျောင်းအုပ်ဆရာကြီး ဦးဟန်တင့်အားလည်းကောင်း ပေးအပ်၍ ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထောက်ပံ့ငွေပေးအပ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကဝမြို့နယ် အုန်းနဲ့ကျေးရွာ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကိုကြည့်ရှုပြီး စာသင်ကျောင်းများ ပြန်လည်ပြုပြင်ရန် အုန်းနဲ့ကျေးရွာ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၈၁၀၀၀၀၊ မြောက်ဈေးဖလုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၅၁၀၀၀၀၊ ရစ်ကန်ကြီးကျေးရွာ စက်စုအခြေခံပညာမူလတန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀၊ နှမ်းတောကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း တို့ကို ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့နယ် အမှတ်-(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျောင်းပြင်ပ မူလတန်းပညာရေးနည်းပြဆင့်ပွားသင်တန်း တက်ရောက်သင်ကြားနေသော စေတနာရှင် အငြိမ်းစားပညာရေးဝန်ထမ်းများနှင့် လူငယ်ဘွဲ့ရ လုပ်အားပေး ဆရာဆရာမများအား တွေ့ဆုံမှာကြားပြီး ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဗဟိုအခြေခံပညာမူလတန်းကျောင်း စာသင်ဆောင် ပြန်လည်ပြုပြင်ရန် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ထောက်ပံ့ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးစိုးသိမ်းက ထောက်ပံ့ငွေကျပ်သုံးသိန်းကို လည်းကောင်း ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပဲခူးမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး အငြိမ်းစားဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ကျန်းမာရေးစောင့်ရှောက်မှု ရန်ပုံငွေအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးမြို့ ကလျာဏီရပ်ကွက် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုကာ စာသင်ကျောင်းပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၂၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသိန်းထံပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူ၊ ဘာဘာတော့ဗ်နှင့် စပါးတို့သည်....

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး

ဘာဘာတော့ဗ်

မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့် ဘာဘာတော့ဗ်ကို စပါးက ခွင့်ပြုလိုက်ပြီ ဖြစ်သဖြင့် စိတ်လက် ပေါ့ပါးနေသော ဘာဘာတော့ဗ်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လန်ဒန် ဩဂုတ် ၂၇

ပရီမီယာလိဂ်ပွဲစဉ်တွေ စတင်ကစားနေပြီဖြစ်ပေမယ့် ဘောလုံးပွဲစဉ်ထက် စိတ်ဝင်စားမှု ပိုဖြစ်စရာကောင်းတာကတော့ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်ကို မန်ယူက ခေါ်ယူရေး၊ မခေါ်ယူရေး သတင်းပဲ ဖြစ်ပါတယ်။

ပရီမီယာလိဂ်ထပ်ဆင့်ချန်ပီယံနဲ့ ချန်ပီယံလိဂ်ဖလားတွေရယူထားနိုင်တဲ့ မန်ယူဟာ ဒီနှစ်ဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်မှာ ဘောလုံးသမားအသစ်တစ်ဦးကိုမျှ မဝယ်ဘဲ ဟန်ရေးပြနေတာမို့ မန်ယူအသင်းရဲ့ ဘောလုံးသမားအသစ်ခေါ်ယူရေးဟာ စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။

ရှာဖွေ

မနှစ်ကထက် ဒီနှစ်မှာ ပြိုင်ဆိုင်မှုတွေ ပိုပြင်းထန်လာတဲ့ ပရီမီယာလိဂ်မှာ မန်ယူတို့ လက်ရှိလူအင်အားနဲ့ လက်ဝယ်မှာရှိနေတဲ့ ဆုဖလားတွေကာကွယ်ဖို့ အခက်အခဲရှိနေမယ်ဆိုတာ နည်းပြဖာဂူဆန် ကောင်းကောင်းသဘောပေါက်ထားပါတယ်။ ဒါကြောင့်လည်း ဖာဂူဆန်ဟာ ထိုးထိုးဖောက်ဖောက် တွန်းတွန်းတိုက်တိုက်ကစားနိုင်တဲ့ တိုက်စစ်မှူးကောင်းတစ်ဦးကို ကျိတ်ပြီး ရှာဖွေနေခဲ့တာလို့ ဆိုပါတယ်။

ငြင်းဆို

ဖာဂူဆန်ဟာ မန်ယူအတွက် ဘာစီလိုနာမှာ ကစားနေတဲ့ အွန်နရီကိုတောင်ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် ပရီမီယာလိဂ်မှာ ပြန်လည်ခြေချဖို့ စိတ်မဝင်စားတော့တဲ့အပြင် အသင်းဟောင်း အာဆင်နယ်ကို ပြိုင်ဘက်အနေနဲ့ ပြန်ရင်မဆိုင်ချင်တာမို့ အွန်နရီက ငြင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် ဥရောပကလပ်အချို့က နာမည်ကြီး တိုက်စစ်မှူးတွေကို တစ်ဦးချင်း လေ့လာခဲ့ပြီး နောက်ဆုံးမှာ စပါးတိုက်စစ်မှူး ဘာဘာတော့ဗ်ထံ မြားဦးလှည့်ခဲ့ခြင်း ဖြစ်ပါတယ်။ တကယ်တော့ မန်ယူအတွက် ဘာဘာတော့ဗ်ဟာ ၂၀၀၆ခုနှစ်ကတည်းက ခေါ်ယူဖို့ကြိုးစားခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးပါပဲ။

ရောက်ရှိ

အဲဒီတုန်းက ဘေယာလေဗာကူဆင်အသင်းမှာ ကစားနေတဲ့ ဘာဘာတော့ဗ်ဟာ အသက် ၂၄နှစ်ပဲ ရှိပါသေးတယ်။ ဂိုးတွေ တဒိုင်းဒိုင်းနဲ့သွင်းပြနေတဲ့ ဘာဘာတော့ဗ်ကို မန်ယူတို့က ပေါင်ရှစ်သန်းလောက်ပဲပေးခဲ့လို့ လက်လွှတ်ခဲ့ရပြီး စပါးတို့က ပေါင် ၁၀ဒသမ ၉သန်းနဲ့ ခေါ်ယူသွားတာကြောင့် စပါးကလပ်ကိုရောက်သွားခဲ့ခြင်းဖြစ်ပါတယ်။

အခုတော့ မန်ယူရှေ့တန်းမှာ တကယ်တမ်း မာမာတင်းတင်း ထိုးဖောက်ကစားနိုင်တဲ့ တိုက်စစ်မှူးလိုအပ်လာတဲ့အတွက် ဘာဘာတော့ဗ်ကိုခေါ်ယူရေး ကြိုးစားနေခြင်းပဲ ဖြစ်ပါတယ်။ စပါးအသင်းဟာ ဘာဘာတော့ဗ်အတွက် အသင်းပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ကနေ လုံးဝမလျှော့ဘူးတင်းခံနေပြီး ဘာဘာတော့ဗ်ကို စပါးအသင်းကနေ ပြောင်းရွှေ့ခွင့် ပြုလိုက်ပြီ ဖြစ်ပါတယ်။

ဈေးညှိရန်လိုအပ်

ဘာဘာတော့ဗ် ကိုယ်တိုင်ကလည်း စပါးအသင်းက ထွက်ခွာပြီး မန်ယူမှာ သွားကစားဖို့ စိတ်ဆန္ဒပြင်းပြနေတာမို့ အခုအချိန်မှာ မန်ယူနဲ့ စပါးတို့အတွက် ဈေးညှိဖို့ပဲ ရှိပါတော့တယ်။ ခက်တာက မန်ယူတို့ပါပဲ။ မန်ယူဟာ ဘာဘာတော့ဗ်ကို အရင်က ပေါင် ၂၈သန်းအထိ ဈေးပေးခဲ့ပေမယ့် အခုပေါင်သန်း ၂၀လောက်ပဲ ဈေးပေးနေပြန်ပါတယ်။ ဒါကလည်း နည်းပြဖာဂူဆန်အနေနဲ့ လက်ရှိတိုက်စစ်မှူးအင်အားနဲ့ လက်ထဲက ဆုဖလားတွေကို ကာကွယ်နိုင်မယ်လို့ ယုံကြည်နေတဲ့အချက်က ရင်ထဲကိန်းအောင်းနေတာမို့ ဘာဘာတော့ဗ်အတွက် ငွေကြေးပုံအောသုံးဖို့ ခပ်ဆိုင်းဆိုင်း ဖြစ်နေခြင်းပါပဲ။ နောက်ပြီး မန်ယူတိုက်စစ်မှူးတွေရဲ့ စုစည်းမှုကို တိုက်စစ်မှူးအသစ်ကြောင့် အက်ကြောင်းမထင်စေလိုတာလည်း ပါတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် တစ်ဖက်ကကြည့်ရင်လည်း မန်ယူရဲ့ အရန်တိုက်စစ်မှူးအင်အားက ဘာဘာတော့ဗ်လို လူမျိုးကိုခေါ်မှဖြစ်မယ့် အနေအထားရောက်နေပါတယ်။ ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေရဲ့ အင်အားဖြည့်မှုကလည်း ဘာဘာတော့ဗ်ကိုခေါ်ယူဖို့ ဖာဂူဆန်အား တွန်းအားပေးနေပြန်ပါတယ်။

စိတ်ပျက်

အဲဒီလို အနေအထားမှာ ဘာဘာတော့ဗ်ကလည်း စပါးအသင်းကနေထွက်ခွာဖို့ တာဝန်ရှိသူတွေနဲ့ အကြိတ်အနယ်ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ဘာဘာတော့ဗ်ဟာ စပါးအသင်းကနေပြီး သူ့ကစားဖော် ရော်ဘီကိန်း လီဗာပူးကို ထွက်ခွာသွားတဲ့အပြင် စပါးရဲ့ လက်ရှိအခြေအနေက သူ့အတွက် စိတ်ပျက်စရာ ဖြစ်စေခဲ့တယ်လို့ ဆိုပါတယ်။ အသင်းကပြောင်းရွှေ့ဖို့ ဆုံးဖြတ်ပြီးတဲ့ ကစားသမားတစ်ဦးအနေနဲ့ မပြောင်းရရင်တော့ သူ့ရဲ့အကောင်းဆုံး ခြေစွမ်းပြနိုင်ဖို့ အခက်အခဲဟာ အတိုင်းအတာတစ်ခုအထိ ဖြစ်လာတော့မှာပါ။ နောက်ပြီး မန်ယူလို ထိပ်တန်းကလပ်အသင်းကို ပြောင်းရွှေ့ကစားဖို့ဆိုတာ သူ့ရဲ့အိပ်မက်တစ်ခုပါလို့ ဆိုနေပါတယ်။

အသင့်ပြင်

စပါးအသင်းကတော့ ဘာဘာတော့ဗ်လို တိုက်စစ်မှူးကို ပေါင်သန်း ၃၀ လောက်မှ မရရင် ရောင်းမထုတ်ဘူးလို့တော့ တင်းခံနေပါတယ်။ တကယ်လို့ မန်ယူက ဈေးတိုးပေးလို့ ခေါ်ယူဖြစ်သွားရင်တော့ ရုရှားကလပ် ဇင်းနစ်အသင်းက အာရှာဗင်ကို အရင်ခေါ်ယူဖို့ လက်ပြင်ထားပါတယ်။ ဒါ့ရင်ဘင့်တစ်ဦးတည်းနဲ့ လုံလောက်မှုမရှိတဲ့စပါးဟာ ဘာဘာတော့ဗ် ရောင်းရငွေနဲ့ ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကို အပြောင်းအရွှေ့ ဈေးကွက်မပိတ်ခင်မှာ ခြေသွက်လက်သွက်နဲ့ ရအောင်တော့ခေါ်ယူသွားဖို့ အသင့်ပြင်ထားပါတယ်။ မန်ယူကဈေးတိုးမပေးလို့ မရောင်းဖြစ်ခဲ့ရင် အသင်းအတွက် တိုက်စစ်မှူးကွက်လပ် ဖြစ်စရာအကြောင်းမရှိတာမို့ စပါးကလပ်ကတော့ ဖြစ်ပေါ်လာတဲ့ အခြေအနေပေါ်မူတည်ပြီး လှုပ်ရှားဖို့အသင့်ရှိနေပါတယ်။ ဒီပြောင်းရွှေ့မှု ဖြစ်စဉ်မှာ အဓိကကတော့ ထုံးစံအတိုင်း မန်ယူတို့အပေါ်မှာပဲ မူတည်နေပါကြောင်း....။ ။

စပါးတပ်မော်စကို တိုက်စစ်မှူး ပက်ဗလူချင်ကို ပြောင်းရွှေ့ရေးအတွက် စပါးနှင့် ဆွေးနွေးရန်စီစဉ်နေ

မော်စကို ဩဂုတ် ၂၇



စပါးတပ်မော်စကို တိုက်စစ်မှူး ပက်ဗလူချင်ကို **(ယာပုံ)**က သူသည် စပါးအသင်းသို့ ပြောင်းရွှေ့ရန် အသင့်အနေအထား ဖြစ်နေပြီဖြစ်ကြောင်း ရုရှားမီဒီယာများသို့ ပြောကြားခဲ့သည်။

ပြောကြား

မိမိအနေဖြင့် စပါးအသင်းသို့ ပြောင်းရွှေ့မည်ဟု အခိုင်အမာ ပြောကြားနိုင်ကြောင်း၊ ယခုအခါ ပြည်ဝင်ခွင့်ရရှိအောင် ဆောင်ရွက်နေပြီး မကြာမီ စာချုပ်ချုပ်ဆိုရန် အင်္ဂလန်သို့ လေကြောင်းခရီးဖြင့် သွားရောက်မည်ဖြစ်ကြောင်း၊ အရာရာသည် လျင်မြန်စွာပြောင်းလဲနေကြောင်း၊ ထို့ကြောင့် မိမိ၏ကစားဖော်များကိုပင် နှုတ်ဆက်နိုင်ဖွယ်မရှိကြောင်း ပက်ဗလူချင်ကိုက ပြောကြားခဲ့သည်။

လွဲချော်

ပက်ဗလူချင်ကိုသည် ဩဂုတ်၂၇ရက် ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ပါဝင်နိုင်ခြင်း မရှိခဲ့ပေ။

စပါးတပ်မော်စကိုအသင်းသည် ချန်ပီယံလိဂ်ခြေစစ်ပွဲ တတိယအဆင့်၌ ဒိုင်နမိုကီယက်ဗ်နှင့် ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပက်ဗလူချင်ကိုသည် ပရီမီယာလိဂ်ကလပ် စပါးနှင့် ပြောဆိုဆွေးနွေးခဲ့ပြီး မော်စကိုသို့ ပြန်လာပြီး နောက်ယှဉ်ပွဲစဉ်နှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ရှက်ဖီးလ်ခံစစ်မှူး ခရစ်အမ်းစထရောင်း ရက်ဒင်းနှင့် စာချုပ်ချုပ်ဆို

လန်ဒန် ဩဂုတ် ၂၇

ရက်ဒင်း အသင်းသည် ရှက်ဖီးလ်ယူနိုက်တက်မှ ခံစစ်မှူး ခရစ်အမ်းစထရောင်း(အပေါ်ယာပုံ)**အား ကနဦး ပြောင်းရွှေ့ကြေး ပေါင်ငါးသိန်းဖြင့် ခေါ်ယူပြီး ဆေးစစ်ဆေးမှု အောင်မြင်ကာ အပြီးသတ် စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။**

ရရှိဖွယ်

ဘယ်နောက်ခံလူ ခရစ်၏ ရက်ဒင်းအသင်းတွင် ပွဲထွက်ကစားနိုင်မှုနှင့် အသင်း အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်မှုပေါ်တွင် မူတည်ပြီး ၎င်း၏ ပြောင်းရွှေ့ကြေးမှာ ပေါင်ရှစ်သိန်းအထိ ရရှိဖွယ်ရှိသည်။

ပြောကြား

ရက်ဒင်းအသင်းမှ နစ်ကီရှိုင်ရေး ထွက်ခွာသွားပြီး ကတည်းက ၎င်းတို့အနေဖြင့် အသင်းအတွက် ဘယ်နောက်ခံစစ်မှူးကို ရှာဖွေနေခဲ့ကြကြောင်း၊ အမ်းစထရောင်း

အား စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် မိမိတို့ လိုအင်ဆန္ဒကို ပြည့်ဝစေခဲ့ကြောင်း ရက်ဒင်းနည်းပြ စတိဗ်ကော်ပယ်လ်က ပြောကြားခဲ့သည်။

ရောက်ရှိခဲ့

အမ်းစထရောင်းသည် ၎င်း၏ ဆုကြေးစား ဘောလုံးသမားဘဝကို ဘူရီအသင်းတွင် စတင်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ရှက်ဖီးယူနိုက်တက် အသင်းသို့ ပေါင်တစ်သိန်းဖြင့် ရောက်ရှိခဲ့သူဖြစ်သည်။

(အင်တာနက်)

အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲ ဖက်ဒဲယား အနိုင်ရရှိ

နယူးယောက် ဩဂုတ် ၂၇

ကမ္ဘာ့အဆင့်(၂) ဆွစ်ဇာလန်တင်းနစ် အကျော်အမော် ရော်ဂျာဖက်ဒဲယားသည် အာဂျင်တီးနားမှ မက်ဆီမိုဂွန်ဇာလက်အား ယှဉ်ပြိုင်ချိန် ၈၂မိနစ်အတွင်း ၆-၃၊၆-၀၊ ၆-၃ ဖြင့် အနိုင်ယူလိုက်ခြင်းဖြင့် ၎င်း၏ ငါးကြိမ်ဆက်တိုက် အမေရိကန်အိုးပင်း ဆုဖလားရယူရေး အိပ်မက်ကို စတင်အကောင်အထည် ဖော်လိုက်ပြီဖြစ်သည်။

ယှဉ်ပြိုင်

ချန်ပီယံဆုဖလားကာကွယ်သူ ဖက်ဒဲယားသည် ကမ္ဘာ့အဆင့် ၁၁၈ရှိ ပြိုင်ဘက်ကို ပြန်လည်မခုခံနိုင်သော စပေးဘော ၁၅ ကြိမ်ဖြင့် အပြတ်အသတ် အနိုင်ယူခဲ့ပြီး တင်းနစ်သမားဘဝတစ်လျှောက်တွင် ယင်းကဲ့သို့ ပုံစံမျိုးဖြင့် ၃၉ကြိမ် အနိုင်ရရှိခဲ့သူဖြစ်သည်။ ဖက်ဒဲယားသည် နောက်တစ်ဆင့်တွင် ဘရာဇီးမှ သီယာဂိုအဲလ်မက်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဘရာဇီးနှင့် ရီးရဲကွင်းလယ်တိုက်စစ်မှူး ရော်ဘင်ဟို ချယ်လ်ဆီးသို့ ရောက်ရှိရေးနီးစပ်လာ

လန်ဒန် ဩဂုတ် ၂၇

ချယ်လ်ဆီးအသင်းသည် နည်းပြ စကိုလာရီ၏ အသင်းပြန်လည်တည်ဆောက်ရေးကို အပြီးသတ်ရန်အတွက်စာချုပ်ခေါ်ယူရန် ကာလကြာရှည်စွာ လိပ်ခဲတည်းလည်း ဖြစ်နေသော ဘရာဇီးနှင့် ရီးရဲကွင်းလယ်တိုက်စစ်မှူးရော်ဘင်ဟို **(ယာပုံ)**အား ၂၄ နာရီအတွင်း ခေါ်ယူစာချုပ်နိုင်ရန် မျှော်လင့်ထားသည်။

ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ကယ်လ်ဒါရွန်က ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းချက်ကို နှစ်ကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့သဖြင့် ချယ်လ်ဆီးအမှုဆောင်ချုပ် ပီတာကင်ယွန်သည် ပြီးခဲ့သည့် သီတင်းပတ်က မက်ဒရစ်သို့ သွားရောက်ကာ ဆွေးနွေးခဲ့ပြီးနောက် ဆက်လက်ပြီး အသင်းနှစ်သင်းဆွေးနွေးနေကြဆဲဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ရော်ဘင်ဟိုသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်ချုပ်ဆိုရန် နီးစပ်လာပြီဖြစ်ကြောင်း ၎င်း၏အေးဂျင့် ဝက်စ်နာရီဘီရိုက ဩဂုတ်၂၆ရက်တွင် ပြောကြားခဲ့သည်။ ရီးရဲမက်ဒရစ်အသင်း၏ မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုအား မည်သည့်စာချုပ်မျိုးဖြင့်မဆို ခေါ်ယူရန် စိတ်အားထက်သန်စွာ ကြိုးပမ်းခဲ့ပြီး ရော်ဘင်ဟိုအား အဖြည့်ခံအဖြစ် သဘောထားခဲ့မှုကလည်း ရော်ဘင်ဟိုအား ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့ချင်သည့်စိတ်ဖြစ်ပေါ်စေရန်တွန်းအားပေးခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ရော်ဘင်ဟို၏ နေရာတွင် အစားထိုးရန် ဗလင်စီယာမှ ဒေးဗစ်ဗီလာနှင့် ဗီလာရီးရဲမှ ဆန်တီကာဇိုရ်လာတို့ကို ခေါ်ယူစာချုပ်ရေးမှာလည်း နီးစပ်လာပြီဟုဆိုသည်။ **(အင်တာနက်)**

ဆန်းဒါးလန်းခံစစ်မှူး အန်ဒါဆင် ဘန်လေအသင်းနှင့် အငှားစာချုပ်

လန်ဒန် ဩဂုတ် ၂၇

ဘန်လေအသင်းသည် ဆန်းဒါးလန်း အသင်းမှ ရပ်ဆဲလ်အန်ဒါဆင် **(ဝဲပုံ)**အား အငှားစာချုပ် ချုပ်ဆိုလိုက်ခြင်းဖြင့် အသင်း၏ခံစစ်ကို ဖြည့်တင်းခဲ့သည်။

အသက်၂၉နှစ်ရှိ အန်ဒါဆင်သည် စက်တင်ဘာ၂ရက်တွင် အိုးလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ကားလင်းဖလားပြိုင်ပွဲ၌ ဘန်လေအသင်းနှင့်အတူ ပါဝင်ကစားဖွယ်ရှိသည်။

ပြောကြား

မိမိတို့အနေဖြင့် အချိန်တိုအတွင်း အန်ဒါဆင်အား အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းအတွက် ဝမ်းသာကျေနပ်မိကြောင်း၊ သူသည် မိမိအပြည့်အဝယုံကြည် တန်ဖိုးထားသူတစ်ဦးလည်းဖြစ်ကြောင်း ဘန်လေနည်းပြ အိုဝင်ကွိုင်လီက ပြောကြားခဲ့သည်။

ပြောင်းရွှေ့

စကော့တလန်လက်ရွေးစင် အန်ဒါဆင်သည် ၎င်း၏ ဆုကြေးစား ဘောလုံးသမားဘဝကို ၎င်း၏ဇာတိမြို့ အဘာဒင်းတွင် စတင်ခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ်တွင် ဆန်းဒါးလန်းသို့ ပေါင်တစ်သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဩစတြေးလျကွင်းလယ်ကစားသမား ဂရီလာ ဘလက်ဘန်းနှင့် လေးနှစ်စာချုပ်

လန်ဒန် ဩဂုတ် ၂၇

ဘလက်ဘန်းအသင်းသည် တိုရီနို အသင်းမှ ဩစတြေးလျ ကွင်းလယ်ကစားသမား ဗင့်စ်ဂရီလာ**(ဝဲပုံ)**အား ထုတ်ဖော်ကြေညာခြင်းမရှိသော ပြောင်းရွှေ့ကြေးဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ဂရီလာသည် ဘလက်ဘန်းအသင်းနှင့် လေးနှစ်စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး လာမည့် ဩဂုတ် ၃၀ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဘလက်ဘန်းအသင်းနှင့်အတူ ပွဲဦးထွက် ပါဝင်ကစားဖွယ်ရှိသည်။

(အင်တာနက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆားလင်းကြီး၌ ရှင်းလင်းဆွေးနွေး

ဆားလင်းကြီး ဩဂုတ် ၁၇

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းသည် ဇူလိုင် ၂၆ရက် နံနက် ၉ နာရီက ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၀၈-၂၀၀၉ခုနှစ်အတွက် ချမှတ်ထားသော လုပ်ငန်းတာဝန် (၁၁)ရပ်နှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးတို့ကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အရန်သားဖွားသင်တန်း တာချီလိတ်၌ ဖွင့်လှစ် ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများ ရှင်းလင်း

တာချီလိတ် ဩဂုတ် ၂၅

တာချီလိတ်ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက် ၁၀နာရီက တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး မိခင်နှင့်ကလေး ကျန်းမာရေးဌာန အဆောက်အအုံ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းအေးက အဖွင့်အမှာစကားပြောကြားပြီး(**အပေါ်ပုံ**)မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းရွှေက သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမောင်မောင်မင်းသိမ်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ တာချီလိတ်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၂၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၁၆)

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများ အခြေအနေကို ဇူလိုင်၁၄ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ် တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလန် တစ်သန်းဆံ့ရေသန့်ကန်မှ မြို့ပေါ်ရပ်ကွက်များသို့ ရေပေးဝေဆောင်ရွက်မှုနှင့် ရေတင်ပိုက်များမှ ရေတင်ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း နောင်တရားမြို့၌ဖွင့်

နောင်တရား ဩဂုတ် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် နောင်တရားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်လှမောင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ (ဝ၂၂)

ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မုက္ခမူကျေးရွာအုပ်စု မုက္ခမူချောင်းကမ်းနဖူး၌ ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၀ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်သိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးစိုးပိုင်နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ငါးမြစ်ချင်း(ငါးသန်)ကောင်ရေ ၁၅ သိန်းကျော်ကို ငါးမျိုးစိုက်ပေးစဉ်။ (ဝ၅၃)

မုံရွာစီးပွားရေးတက္ကသိုလ် ဘာသာရပ်အသင်းလိုက် ဘောလုံးပြိုင်ပွဲဖွင့်

မုံရွာ ဩဂုတ် ၂၄

မုံရွာစီးပွားရေးတက္ကသိုလ် ဘာသာရပ်အသင်းလိုက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၁ရက် နံနက် ၇ နာရီက မုံရွာစီးပွားရေးတက္ကသိုလ် အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာစီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဘောလုံးပြိုင်ပွဲ ကော်မတီဥက္ကဋ္ဌ အသုံးချဘောဂဗေဒ ပါမောက္ခဌာနမှူး ဦးသိန်းနိုင်က ဘောလုံးပြိုင်ပွဲနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

နှုတ်ဆက်

ထို့နောက် ပြိုင်ပွဲဝင် အသင်းငါးသင်းမှ အားကစားသမားများက အားကစားအဓိဋ္ဌာန်များကို ရွတ်ဆိုကြပြီး တာဝန်ခံပါမောက္ခချုပ် ဦးအောင်မြင့်က ယှဉ်ပြိုင်မည့် ဘာသာရပ်အသင်း နှစ်သင်းမှအားကစားသမားများနှင့် ဒိုင်လူကြီးများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

သရေပွဲဖြစ်

ဆက်လက်၍ မုံရွာစီးပွားရေးတက္ကသိုလ် ဘာသာရပ်အသင်းနှင့် ဝါဏိဇ္ဇဗေဒ ဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။

(ခရိုင် ပြန်/ဆက်)

အင်းစိန် ကမ်းနားအလယ်ရပ်ကွက် အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၀ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြသိန်းက ဆဋ္ဌမတန်းမှ ထူးချွန်ဆုရ မရတနာမိုးအား ဆုချီးမြှင့်စဉ်။ (၁၂၇)

မိခင်နို့တိုက်ကျွေးရေး ဟိုပင်၌ဟောပြောဆွေးနွေး

ဟိုပင် ဩဂုတ် ၂၀

ကချင်ပြည်နယ်ဟိုပင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၃ရက်က ဟိုပင်မြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဟိုပင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက မိခင်နို့တိုက်ကျွေးရေးနှင့် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွက်ရေးအတွက် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းနှင့် ဟိုပင်မြို့ ပြည်သူ့ဆေးရုံမှ ဒေါက်တာမီမီကျော်က ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရမည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သည်များ ဟောပြောဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

သုတအလင်း စာကြည့်တိုက် မန်စီမြို့နယ်၌ဖွင့်

မန်စီ ဩဂုတ် ၁၈

မန်စီမြို့နယ် မန်သာကျေးရွာ သုတအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနန်ဇွေဖုန်ဆန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကိုလည်းကောင်း၊ စာကြည့်တိုက် ရှင်သန် ခိုင်မာစေရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းသည်။

ထို့နောက် မြို့နယ်ဒုတိယဦးစီးမှူး ဦးနန်ဇွေဖုန်ဆန်းနှင့် မန်သာကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးတင်အေးတို့က သုတအလင်း စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ် ဒုတိယဦးစီးမှူး ဦးနန်ဇွေဖုန်ဆန်းက သုတအလင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်းမော်မြို့၌ လမ်းပြုပြင်ရေး လုပ်ငန်းဆောင်ရွက်

ဇန်းမော် ဩဂုတ် ၂၇

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကြက်ပေါင်ခြံ သုသာန်သွားလမ်း အပိုင်း (၁) သဲကျောက်ခင်း၍ လမ်းပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိန်မောင်မြင့်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်ရှိသော ကျွဲတဲ - ကင်ပွန်းခါး လမ်းပြုပြင်ခြင်း လုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာဒေါ်သန်းသန်းထွေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်း ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၁၆ရက်က ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သဲကျဲလေး တံတားပြင်ဆင်မွမ်းမံတည်ဆောက် ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာအဖွဲ့တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မိခင်နို့တိုက်ကျွေးရေးဆောင်ပုဒ် သီပေါ၌ ရှင်းလင်းဆွေးနွေး

သီပေါ ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၈ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကို ဩဂုတ် ၆ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြ **(ယာပုံ)**က အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ရီရီထွေးက ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော မိခင်နို့ စနစ်တကျတိုက်ကျွေးဖို့ ဝိုင်းဝန်းကူညီပံ့ပိုးစို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့ပေါ် ၁၁ရပ်ကွက်မှ ကလေးမိခင်၂၁၈ဦးနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။ (ဝ၂ဝ)

ဇူလိုင် ၂၀ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်/စက်ယန္တရား ကြံ့ခိုင်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (တိုင်းစည်ပင်)

ကျန်းမာရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေး ဟောပြော

မန္တလေး ဩဂုတ် ၂၀

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၇ရက် နံနက်က ၂၃လမ်းနှင့် ၈၄လမ်းထောင့် မြို့နယ်ရုံး၌ ကျင်းပသည်။

ဟောပြောပို့ချ

အဆိုပါ သင်တန်းတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေက အမှာစကား ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်သန္တာဘုန်းဝင်းက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ငါးနှစ်အောက်ကလေးငယ်များ၏ ကြီးထွားမှုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဒေါက်တာဒေါ်စန်းစန်းအေးက အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဟောပြောပို့ချကြသည်။ (ဝ၉ဝ)

မြေယာရှင်းအလှ

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရှစ်သောင်းဘုရားလမ်းဆုံလမ်းတစ်လျှောက် မြေယာရှင်းအလှဆောင်ရွက်နေမှုကို ခေတ္တအမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိခင်နို့စနစ်တကျ တိုက်ကျွေးရေး မြင်းခြံ၌ လက်တွေ့သရုပ်ပြရှင်းလင်း

မြင်းခြံ ဩဂုတ် ၁၉

၂၀၀၈ခုနှစ် မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်၇ ရက်က မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး ကလေး အထူးကု ဒေါက်တာချိုချိုသန်းနှင့် သားဖွားမီးယပ် အထူးကုဆရာဝန် ဒေါက်တာခင်ယုယုဇင်တို့က မိခင်နို့စနစ်တကျ တိုက်ကျွေးရေးဆိုင်ရာများကို လက်တွေ့သရုပ်ပြ ရှင်းလင်းဟောပြောကြကြောင်း သိရသည်။ (ဝ၈၇)

ဩဂုတ်၁၅ ရက်က သာပေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၈ခုနှစ် ပထမလေးလပတ် အစည်းအဝေးတွင် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားချက်များကို အဖွဲ့ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီရေး ကျောက်ပန်းတောင်းတွင် ညှိနှိုင်းစည်းဝေး

ကျောက်ပန်းတောင်း ဩဂုတ် ၂၂

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ ၂၀၀၈ခုနှစ် မိုးစပါးစိုက်ပျိုးမှု လျာထားချက် ပြည့်မီရေးအတွက် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာကြီးကြပ်ရေးမှူးများ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ရက် နံနက်၁၀နာရီက မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း သရက်တော ရှေ့တန်းစခန်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မိုးစပါးစိုက်ပျိုးမှု လျာထားဧက၊ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ပျိုးထောင်ပြီးစီးမှုနှင့် ဆည်ရေရရှိမှု အခြေအနေများကို ဌာနအလိုက်တာဝန်ပေးထားသော ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာကျေးရွာဥက္ကဋ္ဌများက မိမိတို့အုပ်စုအလိုက် တင်ပြကြရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက သတ်မှတ်ချိန်အမီ ထွန်တုံးပိတ် စိုက်ပျိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွင့်လှစ်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာကြည့်တိုက်မှူးတာဝန်များ လွှဲပြောင်းရေးဆွေးနွေး

သန်လျင် ဩဂုတ် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦး **(အပေါ်ပုံ)** သည် ဩဂုတ် ၁၆ရက်က ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်သို့ လည်းကောင်း၊ ၂၀ရက်က ကျောက်တန်းမြို့နယ်သို့ လည်းကောင်း၊ ၂၂ရက်က ဒလမြို့နယ်ရုံးများသို့ လည်းကောင်း သွားရောက်၍ မြို့နယ် ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ဦးစီးဌာနမှ ချမှတ်ထားသော လုပ်ငန်းတာဝန် (၁၁)ရပ် အောင်မြင်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရည်မှန်းချက်ကာလအမီ ရေရှည်တည်တံ့ခိုင်မာအောင် ဆောင်ရွက်ရေး၊ ကျေးရွာအုပ်စုစာရေးများအား စာကြည့်တိုက်မှူးတာဝန်များ စနစ်တကျ လွှဲပြောင်းပေးအပ်ရေးတို့ကို ဆွေးနွေးပြီး ရုံးလုပ်ငန်းဆိုင်ရာများကို စစ်ဆေးကာ မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီပဲယင်းမြို့၌ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ဒီပဲယင်း ဩဂုတ် ၁၉

ရွှေဘိုခရိုင် ဒီပဲယင်းမြို့တွင် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ချို့တဲ့နွမ်းပါးကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ (ယာယီ) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွဋ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ချို့တဲ့ကျောင်းသားကျောင်းသူ၄ဝအား ဝတ်စုံ၊စာရေး ကိရိယာနှင့်ထောက်ပံ့စရိတ်များ ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သထုံ မြို့နယ် စည်ပင် သာယာရေးအဖွဲ့ မြို့ သန့်ရှင်းသာယာ လှပရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ရက်က သထုံမြို့ မြသပိတ် ဘုရားလမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေ ရေး အ တွက် ရေနုတ် မြောင်းများတူးဖော်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြင့်သိန်း၊ ဒုတိယ ဦးစီးမှူး(သန့်) ဦးအုံးသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

တောင်သာမြို့ သာယာလှပရေး လမ်းကပ်တုံးပြုလုပ်

တောင်သာ ဩဂုတ် ၂၀

တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မိတ္ထီလာမှအဝင်လမ်းတွင် ကပ်တုံးပြုလုပ်ခြင်းလုပ်ငန်းကို ဇူလိုင်၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဝင်း ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိခင်နို့တိုက်ကျွေးရေး မြစ်သား၌ပညာပေး

မြစ်သား ဩဂုတ် ၂၀

မြစ်သားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှု အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၉နာရီက ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စိုးပိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဦးခင်မောင်ဌေးက မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ ပညာပေး ဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

28-8 (16).pmd 1 8/29/2008, 3:16 AM

တနင်္သာရီမြို့ မြို့အဝင်ကမ်းနားလမ်းပြွန်ပေါက်တံတား ကမ်းကပ်ခုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၃ရက်က တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စွမ်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုကိုတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တန့်ဆည် အထက(ခွဲ)ကျောင်းဆောင်သစ်ဖွင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

တန့်ဆည် ဩဂုတ် ၁၉

တန့်ဆည်မြို့နယ် ချောင်းရိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၂၆ရက်က အဆိုပါအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ကျောင်းဆောင်သစ်အဆောက်အအုံကို မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနွယ်နှင့် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ တန့်ဆည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းအုန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်က စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းနွယ်က အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုကို ဩဂုတ်၁၇ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောသိန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျေးသီးမြို့၌ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးပညာပေးဟောပြော

ကျေးသီး ဩဂုတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှုနှင့် လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက် မွန်းလွဲ ၁နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအောင်က အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်အောင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စခန်းမှူး ရဲအုပ်စိုးပိုင်နှင့် နယ်ထိန်းဒုရဲအုပ်ဇော်မြင့်ဦးတို့က အမျိုးသမီးများနှင့် ကလေးသူငယ်များ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုဆိုင်ရာဥပဒေနှင့် ပုဒ်မများအကြောင်းကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားမှုကို ဩဂုတ်၁၂ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တာလေမြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်

တာလေ ဩဂုတ် ၁၂

တာလေမြို့တွင်းလမ်းများ၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်မှုကို မေ ၂၅ရက်က မြို့တာဝန်ခံ ဦးကျော်ကျော်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

သံဖြူဇရပ် ဩဂုတ် ၁၈

ငါးထုတ်လုပ်မှုပိုမိုလာစေရေးနှင့် ငါးသယံဇာတများ ပေါများကြွယ်ဝစေရန် ရည်ရွယ်၍ သံဖြူဇရပ်မြို့နယ် ပင်ရွာရှိ စပါးခင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ်၁၂ရက် နံနက် ၈နာရီက တောင်သူ ဦးမိုန် (ခ) ဦးခိုင် လယ်မြေတွင်လည်းကောင်း၊ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို နံနက် ၉ နာရီကလည်းကောင်း ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေလုပ်ငန်းရှင်များ တက်ရောက်၍ စပါးခင်းဧက ၁၀၀အတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၅၀၀၀၀နှင့် သဘာဝရေပြင်အတွင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်းတစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့သည်။ **(အောက်ပုံ)** **(မြို့နယ်ငါးဦးစီး)**

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မဂ္ဂင်လမ်းဘေးဝဲယာ မြေယာရှုခင်းတွင် မြက်ဖြတ်စက်ဖြင့် မြက်ဖြတ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဇွန် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးခင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ချမ်းမြသာစည် အမှတ်(၁၇) မူလွန်ကျောင်းတွင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

မန္တလေး ဩဂုတ် ၂၃

မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် အမှတ် ၄ ရပ်ကွက် အမှတ်(၁၇) အခြေခံပညာမူလတန်း(မူလွန်)ကျောင်း၏၂၀၀၈ခုနှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၃ ရက်က ကျောင်းဝင်းအတွင်းရှိ မြေကွက်လပ်များ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ပိုပိုစံက ကျောင်းစုဝေးသဘင် ကွင်းပြင်တွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အတန်းလိုက် အုပ်စုငါးစုခွဲ၍ ကျောင်းဝင်းအတွင်းနှင့်ကျောင်းဝန်းကျင် မျက်နှာစာများတွင် နှစ်ရှည်အရိပ်ရပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(ဝ၉၀)

ရုံးခြင်းချက် ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)

လှိုင်ကော်ခရိုင်တရားရုံး

၂၀၀၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

ဦးဘောကေသိန်းလွင်	နှင့်	၁။ ဦးခင်မောင်ဝင်း
		၂။ ဒေါ်မာဂရက်ထွန်းမောင်
တရားလို		တရားပြိုင်များ

တောင်ကြီးမြို့ အမှတ်-မ/၆၆၊ ရေအေးကွင်းရပ်ကွက်၊ ဘုရားဖြူပုပ္ပားရည်ဆမ်း လက်ဖက်ရည်ဆိုင်တွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) အမှတ်(၂) တရားပြိုင် ဒေါ်မာဂရက်ထွန်းမောင် သိစေရမည်။

သင့်အပေါ်တွင် တရားလိုကပေးဆပ်ရန်ကျန်ငွေကျပ် ၅၃၀၀၀၀၀(ကျပ်ငါးဆယ့်သုံးသိန်း)နှင့် နစ်နာကြေးငွေ ၃၀၀၀၀၀၀ (ကျပ်သိန်းသုံးဆယ်)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး၊ ၎င်း၏ရှေ့နေပါ၍ဖြစ်စေ ၂၀၀၈ခုနှစ် စက်တင်ဘာလ ၁ရက်၊ (၁၃၇၀ ပြည့်နှစ် တော်သလင်းလဆန်း ၂ရက်)နံနက် ၁၀နာရီ အချိန်၌ အထက်ပါ တရားလို၏စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် လှိုင်ကော်ခရိုင်တရားရုံးသို့လာရောက်ရမည်။ ထို့ပြင်သင်သည် ရုံးသို့လာရောက်ရန် ပျက်ကွက်က သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို ယူလာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် အပ်နှံပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဩဂုတ် ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

ဒေါ်စန်းစန်းဝင်း

ခရိုင်တရားသူကြီး၊ လှိုင်ကော်ခရိုင်တရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၂၁၃၄၆ လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၇/အတန (နိုင်) ၀၁၃၄၈၉ က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ တောင်ငူ။

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမည်ပြောင်း

ဦးဂွမ်ဂျာနော်၏သား အောင်ဆန်း သူရိယကျောင်း အထက(၂) မင်္ဂလာဒုံ စတုတ္ထတန်း(B)မှ မောင်ဘရန်ဆန် အောင်အား မောင်ဒေးဗစ်ဘရန်ဆန် အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဒေးဗစ်ဘရန်ဆန်အောင်။

အမည်မှန်

အဖ ဦးသက်နိုင်၏သမီး အထက (၁) သဃ်န်းကျွန်း တက္ကသိုလ်ဝင်တန်း (D)မှ မချစ်စုသက်နိုင်၏ အမည်မှန်မှာ မချစ်ဆုသက်နိုင် ဖြစ်ပါသည်။

မချစ်ဆုသက်နိုင်။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ ယန်းကျိန်ကျေးရွာမှ နန်းဟွမ်၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၆-၁၉၉၂ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးစိုင်းဝန်းတစ်(ခ)ဦးစိုင်းကြိုင်း ၁၃/ကတန(နိုင်)၀၃၁၅၇၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျိုင်းတုံမြို့ အမှတ်(၅) ရပ်ကွက်နေ အမိ ဒေါ်နန်းဝိုး၏သမီး အထက(၂) နဝမတန်း(န-၈၃)မှ နန်းရှဲန်သန်း(ခ) နန်းဝါဝါထွေး၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး(ခ)ဦးနွဲ့ယီခင်ဖြစ်ပါကြောင်း။

အမည်ပြောင်း

အဖဦးလှအေး၏သား ဇန်းမော် မြို့နယ် ခွန်သာရပ်ကွက် တပ်ကလေး လမ်း အိမ်အမှတ် ၃၈၇နေ မောင်ကျော် စိုးလွင်(ခ)သန်းဇော် ၁/ဗမန(နိုင်) ၀၆၆၉၄၆အား မောင်ကျော်မင်းဟိန်း ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

အဖ ဦးဝင်းရှိန်၏သမီး အထက (၃)ထားဝယ် ဆဋ္ဌမတန်း(A)မှ မသက်ထားစံအား ယနေ့မှစ၍ မခေတ်ဝေဖြိုး ဟု ပြောင်းလဲခေါ်ပါရန်။

မခေတ်ဝေဖြိုး။

အမည်ပြောင်း

အဖ ဦးမောင်ကျော်သာ၏ သမီး အထက(၅) စစ်တွေ တက္ကသိုလ်ဝင်တန်း(C)မှ မခင်သဥ္ဇာဦးအား မဖြူဖြူသင်းဟု ပြောင်းလဲခေါ်ပါရန်။

မဖြူဖြူသင်း။

အမည်ပြောင်း

အဖ ဦးအိုက်မောင်၏ သမီး နမ့်ခမ်းမြို့ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(က)မှ နန်းဆိုင်ကွမ်းအား နန်းဆိုင်ဟွမ်ဖွေးဟု ပြောင်းလဲခေါ်ပါရန်။

နန်းဆိုင်ဟွမ်ဖွေး။

ပြင်ဆင်ဖတ်ရှုပါရန်

၃-၈-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)တွင် ပါရှိသည့် ငြင်းချက်ထုတ်ရန်သမ္မန်စာပါ တရားပြိုင် အမည်အား ဦးရဲတင့်အစား ဦးရဲဇင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မူးယစ်ကင်းစင် အလှဆင်

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၄၄၂၅ မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးနိုင် ၇/ညလပ (နိုင်) ၀၉၃၉၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊ မြစ်ကြီးနားမြို့။

(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၈၃၉၈၀ ဆူဇူကီး Viva-110 ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၁၁/စတန(နိုင်) ၀၂၅၂၉၈ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ (ပြည်နယ်ရုံး) စစ်တွေသို့ လာရောက် ဆက်သွယ်ပါရန်။

ကညန၊ (ပြည်နယ်ရုံး)၊ စစ်တွေ။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မဆ/၁၁၅၅၅ JLM 125 Wave ယာဉ်လက်ဝယ်ရှိသူ ဦးတဲ့ဟွေ ၁၃/ကခန(နိုင်)၀၃၄၀၅၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊မူဆယ်မြို့။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ၂၀၀၈-၂၀၀၉ ခုနှစ် ကျောက်ဆည်ခရိုင် မိုးစပါးထွန်ယက် စိုက်ပျိုးပွဲတွင် ကောက်စိုက်သမများ၏ သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျောက်ဆည်ခရိုင် မိုးစပါးထွန်ယက်စိုက်ပျိုးပွဲ ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၄ ရက် နံနက် ၇ နာရီခွဲက မြင်းခြံတပ်နယ် ဘုရင့်နောင်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် လည်းကောင်း၊ မြင်းခြံမြို့ မဏိကဋ္ဌနာခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်လည်းကောင်း တွေ့ဆုံသည်။

ဂုဏ်ပြုချီးမြှင့်ငွေပေး

ထို့မှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်သည် မြင်းခြံ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၆ မိုင်၊ ၅ ဖာလုံတွင် မြင်းခြံမြို့နယ် ဗလုံကျေးရွာမှ တောင်သူဦးအောင်ခင် စိုက်ပျိုးထားသော မိုးလယ်ပင်ပြန့်မြေပဲ စံပြစိုက်ကွက် ၅ ဒသမ ၅ ဧက၌ ပေါင်းမြက်များ ရှင်းလင်းနေမှုနှင့် ဓာတ်မြေဩဇာပက်ဖျန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ပဲစိုက်တောင်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပန်းလိုချင် အပင်ကိုပျိုးပါ

တကယ်သာ တိုင်းပြည်အကျိုးစီးပွားကို ရိုးရိုးသားသား လိုလားတဲ့သူတွေမှန်ရင် ဒီလို အေးအေးချမ်းချမ်းနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်မယ့် အခွင့်အရေးကို ဘယ်သူမှ လက်လွှတ်ခံမှာ မဟုတ်ပါဘူး။

မောင်ဒွဲဒိုး၏ ဆောင်းပါး စာ ၁၀ တွင် ဖတ်ရှုနိုင်ပါသည်။

လေဘေးသင့်ပြည်သူများအတွက် မြေဩဇာအိတ်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၇

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ် လှူဒါန်းလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ အလှူရှင် ဦးသန့်ဇင်(ဥက္ကဋ္ဌ)၊ ဦးစိုးမိုးနိုင်(ဒါရိုက်တာ) သဇင်နိုင်ထရေးဒင်းကုမ္ပဏီလီမိတက်က ငွေကျပ် ၁၁ သိန်း တန်ဖိုးရှိ ထိုင်းနိုင်ငံ Petchunmfah Co., Ltd. ထုတ် မြေဩဇာအိတ် ၅၀ နှင့် အလှူရှင် IACT (International Action & Cooperation Team) ကိုယ်စား ဒေါ်ရင်ရင်ဆွေ (မန်နေဂျင်း ဒါရိုက်တာ) YUNG-JIH Co.,Ltd.(TOMOKO)က အမေရိကန်ဒေါ်လာ ၈၁၉၀ တန်ဖိုးရှိ

စာမျက်နှာ ၈ ကော်လံ ၂ ●

အမျိုးသားယူ-၁၈ ကွာတားဖိုင်နယ်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတို့ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။ (မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်း အလွတ်တန်းပြိုင်ပွဲနှင့် ယူ-၁၈ ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ယနေ့ကျင်းပမည်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် စတုတ္ထအကြိမ် အသက်(၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံနှင့် ကျိုက္ကဆံမိုးလုံလေလုံ အားကစားရုံတွင် ကျင်းပလျက်ရှိရာ ဩဂုတ် ၂၈ ရက်(**ယနေ့**) ဆိုလျှင် အကြိုဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ■